မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၇ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၅၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည် ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ပြည်ထောင်စုနေ့ကို အမျိုးသားရေးဦးတည်ချက်(၅)ရပ်ဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီးဖြစ် တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက်ထွန်းကားရေး အထောက်အကူဖြစ်စေရအောင် ဆောင်ရွက်ခဲ့ ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းပြန်လည်သုံးသပ်ညှိနှိုင်းစည်းဝေး

ရန်ကုန် မတ် ၆

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းပြန်လည်သုံးသပ်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံ၌ကျင်းပရာ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာန ဆိုင်ရာ အကြီးအကဲများ၊ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြန်လည်သုံးသပ်တင်ပြ

အစည်းအဝေးတွင် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အဖွင့် အမှာစကားပြောကြားရာ၌ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်း အနားကြီးကို နိုင်ငံတော်ကချမှတ်ပေးသည့် အမျိုးသားရေးဦးတည်ချက် (၅)ရပ်နှင့်အညီ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အလားတူ နိုင်ငံတော်အကြီးအကဲ၏ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက် ထွန်းကားရေးဆိုင်ရာ လမ်းညွှန်ချက်များ အကောင်အထည်ပေါ် ဖြစ်ထွန်း ရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်စေရအောင် စီမံဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဆပ်ကော်မတီအသီးသီးက မိမိတို့၏ လုပ်ငန်းတာဝန်များကိုကျေပွန်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသဖြင့် လုပ်ငန်းများအဆင်ပြေ ချောမွေ့ခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူ နောင်နှစ် များတွင် ကျင်းပမည့်

စာမျက်နှာ ၃ ကော်လံ ၁ ❐

ရှင်းလင်းပြောကြား

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး "ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ" နှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားစဉ်။

(သတင်းစဉ်)

ဖတ်ကြားတင်ပြ

"နိုင်ငံခြားရေး ကဏ္ဍ"၊ "ဘဏ္ဍာ ရေးနှင့် စီမံကိန်း ကဏ္ဍ"၊"စီးပွားရေး ကဏ္ဍ"တို့နှင့် စပ် လျဉ်း၍ အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ကိုယ်စား လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေ ချုပ် ဦးအေးမောင် ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

ညီလာခံကိုယ်စားလှယ်အများအပြား၏ အကြံပြုချက်များနှင့်အညီ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ပြီးဖြစ်

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုး၏ စုစည်းတင်ပြချက်

ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား နိုင်ငံတော်သမ္မတ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်သည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင်၏ စုစည်းတင်ပြချက်

အမျိုးသားညီလာခံ

ရန်ကုန် မတ် ၆

၂၀၀၅ခုနှစ် မတ် ၃ ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်ရေးနှင့် စပ်လျဉ်း၍ "ညီလာခံကိုယ်စားလှယ် အများအပြား၏ အကြံပြုချက်များနှင့်အညီ ချမှတ်ပြီးဖြစ်သော အသေးစိတ် အခြေခံရမည့်မူများကို အမျိုးသားညီလာခံကိုယ်စားလှယ်များ အလွယ်တကူသိရှိနိုင်ရန် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်တို့၏ စုစည်းတင်ပြချက်အပြည့်အစုံမှာ အောက်ပါ အတိုင်းဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၀၅ ခုနှစ်၊ မတ်လ ၇ ရက်)

အရည်အသွေးနှင့်စွမ်းအားမြင့်မားထက်မြက်အောင်ကြိုးပမ်း နိုင်ငံတော်ကို ချစ်မြတ်နိုးစိတ်ဖြင့် အကောင်အထည်ဖော်

တပ်မတော်အစိုးရသည် နိုင်ငံတော်၏တာဝန်ကို ရယူခဲ့ရပြီးနောက် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး တည်ငြိမ်အေးချမ်းလာစေရန်၊ တရားဥပဒေစိုးမိုးလာစေရန် ပထမဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေးအတွက် နိုင်ငံတစ်ဝန်း လမ်း၊ တံတားများကို ဖြန့်ကြက် တည်ဆောက်ပေးခဲ့သည်။

နယ်မြေဒေသ အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးလာပြီးနောက် ဒေသတစ်ခုနှင့်တစ်ခုအကြား လမ်းပန်းဆက်သွယ်မှုများ တိုးတက်ကောင်းမွန်လာသည်။ ဆက်လက်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတိုစီမံကိန်းများကို စဉ်ဆက်မပြတ်ချမှတ်ပြီး အင်တိုက်အားတိုက် အကောင်အထည်ဖော်ခဲ့ရာ ယခုအခါ တတိယကာလတို ငါးနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်သို့ ရောက်ရှိတော့မည်ဖြစ်သည်။

ကာလတိုစီမံကိန်းများချမှတ်ပြီး နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် နှစ်အလိုက် တိုးတက်အောင်မြင်မှုများ ဆက်တိုက်ရရှိလာသည့်အတွက် ယနေ့အချိန်အခါ၌ နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ်တွင် ရောက်ရှိနေပြီ ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မတ်လ ၅ ရက်နေ့က ရန်ကုန်မြို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပြည်နယ်နှင့်တိုင်းအုပ်ချုပ်ရေးမှူးများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဆွေးနွေးမှာကြားရာ၌–

"နိုင်ငံတော်၌ တည်ငြိမ်အေးချမ်းပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်း ဆက်သွယ်ရေး အခြေခံကောင်းများ ခိုင်ခိုင်မာမာ ဖြစ်ပေါ်လာခြင်းသည် ခြုံလိုက်လျှင် ဗဟိုမှာရှိသည့် ပုဂ္ဂိုလ်များရော၊ အောက်ခြေအဆင့်ဆင့်တွင် တာဝန်ရှိသူများပါ တက်ညီလက်ညီ အင်တိုက်အားတိုက် အလုပ်လုပ်ခဲ့ကြ၍ ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒများ၏ လက်တွေ့ကျမှု၊ မှန်ကန်မှုကြောင့်လည်း ကြိုးစားလျှင် ကြိုးစားသလောက်၊ အလုပ်လုပ်နိုင်လျှင် လုပ်နိုင်သလောက် အောင်မြင်မှုများ ရရှိခဲ့ခြင်းဖြစ်သည်ဟု အဓိပ္ပာယ် ပြည့်စုံအောင် ဖွင့်ဆိုရမှာ ဖြစ်ကြောင်း"

ပြောကြားသွားသည်။

နိုင်ငံတော်က မှန်ကန်သည့် မူဝါဒများချမှတ်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို အင်တိုက်အားတိုက် တည်ဆောက်လျက်ရှိရာ သွက်လက်ထက်မြက်သော အုပ်ချုပ်ရေးယန္တရားအဆင့်ဆင့်သည် နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်ချက်ပင်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နယ်မြေဒေသအလိုက် တိုင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ တစ်နည်းအားဖြင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များကို ဖွဲ့စည်း၍ တာဝန်များပေးအပ်ခဲ့သည်။ နိုင်ငံတော်က တိုက်ရိုက်ဖွဲ့စည်း တာဝန်ပေးအပ်ထားသော အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဆင့်ဆင့်သည် နိုင်ငံတော်၏ မူဝါဒများ၊ စီမံကိန်းများကို လက်တွေ့သက်ဝင် အကောင်အထည်ပေါ်လာစေရန် နယ်မြေဒေသအလိုက် ဦးစီးဦးဆောင် တာဝန်ယူရသည့် အောက်ခြေအဖွဲ့အစည်းများ ဖြစ်ကြသည်။

ယင်းကဲ့သို့ တာဝန်ယူခဲ့သည့် နှစ်ကာလအလိုက် အသွင်ကူးပြောင်းရေးဆိုင်ရာ အတွေ့အကြုံ သင်ခန်းစာများကိုလည်း ရရှိခဲ့ပြီးဖြစ်သည်။ ဖြတ်သန်းလာခဲ့သည့်သမိုင်းကြောင်း ဖြစ်ပေါ်ပြောင်းလဲမှုများနှင့်အတူ နိုင်ငံတော်အဖွဲ့အစည်းများအနေဖြင့် မှန်မှန်ကန်ကန်၊ ရိုးရိုးသားသား၊ စည်းကမ်းရှိရှိ အားကြိုးမာန်တက် အလုပ်လုပ်ကြပြီး တိုင်းရင်းသားပြည်သူများအပိုင်းကလည်း မိမိတို့ လုပ်ဆောင်ရမည့်လုပ်ငန်းများကို ကျေကျေပွန်ပွန် စည်းကမ်းရှိရှိ ပူးပေါင်းလက်တွဲဆောင်ရွက်ကြလျှင် နိုင်ငံတော်ကြီး ပိုမို တိုးတက်ဖွံ့ဖြိုးလာမည် ဖြစ်ပေသည်။

သို့ဖြစ်ရာ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်က ပေးအပ်ထားသည့် တာဝန်များကို ထမ်းဆောင်ရာတွင် အရည်အသွေးနှင့် စွမ်းအားထက်မြက်မြင့်မားစေရန် လေ့ကျင့်ပျိုးထောင်ရင်း ပြည်သူကို အလုပ်အကျွေးပြုလိုစိတ်၊ နိုင်ငံတော်ကို ချစ်မြတ်နိုးစိတ်များ ရှင်သန်ထက်မြက်အောင် အစဉ်ပြုပြင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မူးယစ်ဆေးဝါးဝယ်ယူသုံးစွဲမှုနှင့် ထုတ်လုပ်ရောင်းချမှု နှစ်မျိုးစလုံး နိုင်ငံများက နှိမ်နင်းဆောင်ရွက်သွားကြရန် ကုလသမဂ္ဂ တိုက်တွန်း

ဗီယင်နာ မတ် ၄

မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချမှုကိုသာမက ဝယ်ယူသုံးစွဲမှုကိုလည်း မူးယစ်ဆေးဝါးနှိမ်နင်းရေးစစ်ပွဲ အောင်မြင်မှုရစေရန် နိုင်ငံများက အရေးယူဆောင်ရွက်သွားကြရန် ကုလသမဂ္ဂ မူးယစ်ဆေးစောင့်ကြည့်အဖွဲ့က ဗုဒ္ဓဟူးနေ့၌ တိုက်တွန်းလိုက်သည်။

မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှုနှင့် ဝယ်ယူသုံးစွဲမှုသည် တစ်ခုတည်းသော ပြဿနာ၏ ခွဲထုတ်မရသောအပိုင်းများ ဖြစ်လာခဲ့ချိန်မှစပြီး တစ်ခုကို လျော့ကျ အောင် ကြိုးပမ်းအောင်မြင်မှုများသည် အခြားတစ်ခုလျော့ကျအောင် ကြိုးပမ်းမှု များနှင့်ဆက်နွှယ်ခဲ့ကြောင်း နိုင်ငံတကာဆိုင်ရာ မူးယစ်ဆေးထိန်းချုပ်ရေးအဖွဲ့က ဗုဒ္ဓဟူးနေ့၌ ထုတ်ပြန်သည့် ယင်း၏ ၂၀၀၄ခုနှစ် အစီရင်ခံစာတွင် ဖော်ပြထားသည်။

မူးယစ်ဆေးဝါးဝယ်ယူသုံးစွဲမှုသည် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှုနှင့် ရယူအသုံးပြုနိုင်မှုကို နှိုးဆွပေးပြီး ထုတ်လုပ်မှုနှင့် သုံးစွဲသူများကို ပိုမိုလာအောင် ဖန်တီးပေးသည်ဖြစ်ရာ မူးယစ်ဆေးရောင်းဝယ်မှုသည် ဂျာအေး သူ့အမေရိုက် သကဲ့သို့ရှိကြောင်း နိုင်ငံတကာဆိုင်ရာ မူးယစ်ဆေးထိန်းချုပ်ရေးအဖွဲ့ (အိုင်အင်စီဘီ) ဥက္ကဋ္ဌက ပြောကြားသည်။

မူးယစ်ဆေး အဓိကသုံးစွဲသည့် နိုင်ငံများတွင် ဝယ်လိုအားလျော့ကျရေး အစီအစဉ်၏ ရည်ရွယ်ချက်မှာ မူးယစ်ဆေးအလွဲသုံးစားမှုသည် လူမှုရေးအရ ခွင့်မပြုနိုင်မှုနှင့် ပြည်သူများအား ကြံ့ခိုင်ကျန်းမာသော လူ့ဘဝကို ဖန်တီးပေးရန် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အိုင်အင်စီဘီ၏ အစီရင်ခံစာတွင် အာဖရိကတိုက်သည် မူးယစ်ဆေးကို ဆန့်ကျင်နှိမ်နင်းရာ၌ ကမ္ဘာ့အားပျော့သော နေရာအဖြစ်ရှိမြဲဖြစ်ကြောင်း၊ အာဖရိကနိုင်ငံအများစုသည် မူးယစ်ဆေး မှောင်ခိုရောင်းဝယ်မှုကို နှိမ်နင်းရန် နည်းလမ်းများ မရှိကြကြောင်း ဖော်ပြထားသည်။

ထို့ပြင် အာဖရိကနိုင်ငံ အများစုသည် မူးယစ်ဆေးဝါးကို ထိန်းချုပ်ရန်အတွက် ဥပဒေကြောင်းအရ ကန့်သက်ချက်အလုံအလောက်မရှိသည့်ပြင် စီမံကွပ်ကဲရေးယန္တရားလဲ အလုံအလောက်မရှိကြောင်း အစီရင်ခံစာ၌ ဆက်လက်ဖော်ပြထားသည်။

အာဖရိကနိုင်ငံအများအပြားတွင် ကိုကင်း၊ ဘိန်းဖြူနှင့် အခြားမူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှုသည် မြင့်မားလျက်ရှိကြောင်း အိုင်အင်စီဘီက သတိပေးထားသည်။

အာဖရိကနိုင်ငံများအနေဖြင့် မူးယစ်ဆေး မှောင်ခိုရောင်းဝယ်မှုနှင့် အလွဲသုံးစားမှုကို နှိမ်နင်းရန် ပိုမိုကြိုးပမ်းအားထုတ်ကြရန်နှင့် ယင်းရည်မှန်းချက်အောင်မြင်မှုရရန်အတွက် နိုင်ငံတကာက အကူအညီပေးဖို့ ပိုမိုကြိုးပမ်းသွားကြရန် အိုင်အင်စီဘီက တိုက်တွန်းထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နက္ခတ္တဗေဒဥယျာဉ် ချီလီနိုင်ငံ၌ တည်ဆောက်မည်

ဆန်တီယာဂို မတ် ၄

ချီလီနိုင်ငံသည် အက်တာကာမာ သဲကန္တာရအတွင်း၌ နက္ခတ္တဗေဒ ဥယျာဉ်တစ်ခု တည်ဆောက်သွားမည်ဖြစ်ကြောင်း အမျိုးသားသိပ္ပံနှင့်နည်းပညာကော်မရှင် ပြောခွင့်ရှိသူက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

အက်တာကာမာဥယျာဉ်ကို ပင်လယ်ပြင်အထက် မီတာ၅၀၀၀ရှိ ဟက်ဒ်နန်တာ လွင်ပြင်ပေါ်တွင် တည်ဆောက်မည်ဖြစ်ကြောင်း၊ ယင်းဥယျာဉ်သည် ဆက်သွယ်ရေး၊ အခြေခံအဆောက်အအုံ၊ ဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ် လုံလောက်စွာ ရရှိမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု၊ဥရောပသမဂ္ဂ(အီးယူ)နှင့် ဂျပန်နိုင်ငံတို့ ပါဝင်ဆောင်ရွက်သော အက်တာကာမာ မီလီမက်ထရစ်စနစ် သုတေသနအတွက် ယင်းဒေသအတွင်း အဆင့်မြင့်ကောင်းကင်တိုင် ၆၄ ခုထူထောင်ထားရှိမည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အဆိုပါ အက်တာကာမာ သဲကန္တာရဒေသ ကောင်းကင်ပြင်များသည် ကမ္ဘာ့တွင် အကြည်လင်ဆုံးဖြစ်ခြင်းကြောင့် မီလီမီတာနှင့် မီလီမီတာအောက် လှိုင်းများမှတစ်ဆင့် နက္ခတ္တဗေဒ စူးစမ်းလေ့လာမှုအတွက် ယင်းဒေသကို ရွေးချယ်ခြင်းဖြစ်သည်ဟု ဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အာဆီယံပင်လယ်ပြင် လုံခြုံရေးဖိုရမ် စင်ကာပူနိုင်ငံတွင် ဖွင့်လှစ်

စင်ကာပူ မတ် ၅

ပင်လယ်ပြင်ခြိမ်းခြောက်မှုများကို ဖြေရှင်းသွားရန် ဒေသဆိုင်ရာ အဆင့်နှင့် နိုင်ငံတကာဆိုင်ရာ အဆင့်နှစ်ရပ်စလုံးပူးပေါင်း ဆောင်ရွက်မှု လိုအပ်သည်ဟု စင်ကာပူ ကာကွယ်ရေးဝန်ကြီး တိုချီဟင်းက ဗုဒ္ဓဟူးနေ့၌ ပြောကြားလိုက်သည်။

ဒေသဆိုင်ရာ အများသဘောတူချက်ကို အခြေခံမှု သုံးရပ်အပေါ် အခြေခံထားကြောင်း၊ ပင်လယ်ကမ်းခြေ အနီးအရပ်ဒေသများ၏ အခြေခံအခန်းကဏ္ဍ၊ အခြားစီးပွားရေးလုပ်ငန်း အစုရှယ်ယာဝင်များ၏ အရေးပါသော အခန်းကဏ္ဍနှင့် နိုင်ငံတကာဆိုင်ရာ ဥပဒေနှင့်အညီ ညှိနှိုင်းဆွေးနွေးမှုနှင့် ရှေ့လုပ်ငန်းစဉ် လိုအပ်ချက်တို့ဖြစ်ကြောင်း မစ္စတာတိုချီဟင်းက ပြောကြားသည်။

စင်ကာပူကာကွယ်ရေးဝန်ကြီး တိုချီဟင်းသည် အရှေ့တောင်အာရှနိုင်ငံများအသင်း၏ ဒေသဖိုရမ်(အေအာရ်အက်ဖ်)၏ ပင်လယ်ပြင်လုံခြုံရေးဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးအဖွင့်၌ မိန့်ခွန်း ပြောကြားရာတွင် ထိုသို့ပြောကြားခြင်း ဖြစ်သည်။

အဆိုပါ အစည်းအဝေးကို စင်ကာပူ၌ ဗုဒ္ဓဟူးနေ့က စတင်၍ သုံးရက်ကြာပြုလုပ်ရာတွင် အေအာရ်အက်ဖ်နိုင်ငံ ၂၂နိုင်ငံမှ အရာရှိ၁၇၀ခန့် တက်ရောက်ခဲ့ကြသည်။

မလက္ကာနှင့် စင်ကာပူရေလက်ကြားသည် ကမ္ဘာ့ရေနံ လိုအပ်ချက်၏ ထက်ဝက်နှင့်ကမ္ဘာ့ကုန်သွယ်မှုပမာဏ၏ လေးပုံတစ်ပုံမျှကို ပို့ဆောင်ပေးလျက်ရှိရာ အင်ဒိုနီးရှား၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့သည် ပြီးခဲ့သည့်နှစ် ဇူလိုင်လမှစပြီး သုံးနိုင်ငံ ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း ဝန်ကြီး တိုချီဟင်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီ တပ်မတော်တည်ဆောက်ရေး။

❒ ရှေ့ဖုံးမှ

ပြည်ထောင်စုနေ့အခမ်းအနားများတွင်လည်း တစ်နှစ်ထက်တစ်နှစ် ပိုမို၍ အဆင်ပြေ ချောမွေ့စေရေးအတွက် ပြုပြင် ဆောင်ရွက်သင့်သည်များရှိက ပြုပြင်ဆောင်ရွက်နိုင်ရန် ယခုအစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း၊ ဆပ်ကော်မတီ အသီးသီးက မိမိတို့ လုပ်ငန်းဆိုင်ရာများကို အစည်းအဝေးတွင် ပြန်လည်သုံးသပ်တင်ပြကြရန် ဖြစ်ကြောင်းစသည်ဖြင့်ပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများကို ပြန်လည်သုံးသပ်ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ကံ့ကော်တစ်ထောင် ဗုဒ္ဓပူဇနိယပွဲ

ရန်ကုန် မတ် ၆

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဘိုကလေးမြို့နယ် ပေချောင်းကြီးကျေးရွာ ကံ့ကော်တစ်ထောင်ဘုရား ဗုဒ္ဓပူဇနိယပွဲကို တပေါင်းလဆန်း ၁ ရက်မှ လပြည့်ကျော် ၅ ရက်အထိ ရက် ၂၀ တိုင်တိုင် ဇာတ်ပွဲ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်း ပြန်လည် သုံးသပ်သည့် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြင်တာတွေဟာ အဖြေပါ

❒ ဒီနေ့ချိန်ခါ၊ ဒို့မြန်မာတွေ
ဝေလေလေနဲ့၊ တွေဝေတိမ်းပါး
ယောင်ဝါးဝါးတွေ
ဖြစ်နေတယ်များ ထင်သလား။

❒ မြှောက်တဲ့စကား၊ ပြောသံကြားနဲ့
ဝမ်းပါးမယ်လို့ ထင်သလား။

❒ ခြိမ်းခြောက်စကား၊ ပြောသံကြားနဲ့
ကြောက်သွားမယ်လို့ ထင်သလား။

❒ ချော့မြှူစကား၊ ပြောသံကြားနဲ့
ပျော့သွားမယ်လို့ ထင်သလား။

❒ ပြည်ပပြည်တွင်း၊ သတင်းပြည့်စုံ
ကုံလုံသုတ၊ မရှိကြသူ
ထူထွေများ ထင်သလား။

❒ ထင်ထားတာတွေ၊ ဟုတ်လေသလား
ပြန်စဉ်းစားပေါ့။

❒ ချော့တာမြှောက်တာ၊ ခြိမ်းခြောက်တာကြောင့်
မြန်မာဒို့တစ်တွေ၊ ဘာတွေထူးခြား
လှုပ်ရှားသလဲ၊ အမြင်ပဲလေ။

❒ ကဲ-အဲဒါအဖြေ၊ တွေ့နေပြီပဲ
ဘာထပ်ကဲဖို့လိုသလဲ။ ။

မေရ

စစ်ကြောင်းကြီးများ တည်းခိုရာစခန်းများ၌ ရုပ်ရှင်၊ ဂီတ၊ အငြိမ့်များဖြင့် ဖျော်ဖြေတင်ဆက်

ရန်ကုန် မတ် ၆

နှစ်(၆၀)ပြည့် တပ်မတော်နေ့တွင် ပါဝင်စစ်ရေးပြမည့် စစ်ကြောင်းကြီးများတည်းခိုရာ စခန်းအသီးသီး၌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် အမှတ်(၁)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ၊ အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲနှင့် နယ်မြေခံတပ်ရင်းများက ရုပ်ရှင်များဖြင့် ယမန်နေ့ည ၇ နာရီတွင် ဖျော်ဖြေကြသည်။

ဖျော်ဖြေတင်ဆက်

ထိုသို့ ဖျော်ဖြေရာတွင် တောင်ဥက္ကလာပမြို့နယ် နယ်မြေခံ တပ်ရင်းရှိ အောင်ဆန်းစစ်ကြောင်း၌ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် မြဝတီစင်တင်တေးဂီတအဖွဲ့နှင့်အတူ စတူဒီယိုတေးသံရှင်များက လည်းကောင်း၊ မင်္ဂလာဒုံတပ်နယ်ရှိ ဆင်ဖြူရှင်စစ်ကြောင်း၌ အမှတ်(၁) နယ်လှည့်ပြည်သူ့ဆက်ဆံရေး တပ်ခွဲက အဆို၊ အက၊ အငြိမ့်၊ ဟာသများဖြင့် လည်းကောင်း၊ အောင်မင်္ဂလာအဝေးပြေးရှေ့ နယ်မြေခံတပ်ရင်းရှိ ကျန်စစ်သားစစ်ကြောင်း၌ အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲက အဆို၊ အက၊ အငြိမ့်၊ ဟာသများဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ မြဝတီစစ်ကြောင်း၌ 'မြင့်မြတ်နှလုံးသား' မြန်မာရုပ်ရှင်ဇာတ်ကားဖြင့်လည်းကောင်း အသီးသီးဖျော်ဖြေတင်ဆက်ကြသည်။

ကြည့်ရှုအားပေး

အဆိုပါ ဖျော်ဖြေတင်ဆက်မှုများကို စစ်ကြောင်းကြီးများမှ စစ်ကြောင်းမှူးများ၊ တပ်ရင်းမှူးများနှင့်အရာရှိ၊ စစ်သည်များက ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊ အမှတ်(၁၉)ဖြန့်ချီ

ရန်ကုန် မတ် ၆

ကိုကို (စက်မှုတက္ကသိုလ်) စီစဉ်သည့် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊ အမှတ် (၁၉) တွင် အယ်ဒီတာ့ဒိုင်ယာရီ၊ မြန်မာ့ရုပ်ရှင်ကားများ စင်ကာပူကို အရောက်သွားပြီ၊ အက္ခရာနိမ့် ရန်ကုန်ကားများ နယ်နှင်ရန် အစီအစဉ်မရှိ၊ သင်္ကြန်ကားမောင်းသူများ မူးရဲကြမလား၊ ယခုနှစ် သင်္ကြန်တွင် အရက်မူးတိုင်း ကိရိယာဖြင့် စစ်ဆေးအရေးယူမည်စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

မနက်စာမစားလျှင် နှလုံးရောဂါဖိတ်ခေါ်သလိုဖြစ်နိုင်၊ အိတ်ချ်အိုင်ဗွီ အလှမယ်ရွေးပွဲ ကျင်းပ၊ နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်ဖြင့် ကမ္ဘာပတ်ရန်ကြံ စသည့်နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက် ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ အားကစားနှင့် ဖျော်ဖြေရေးကဏ္ဍ စုံလင်စွာကို e-Empire Media House၊ ဖုန်း-၅၄၈၈၈၀ က ဖြန့်ချီထားသည်။**(က-ပ)**

ကျိုက်ထိုမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၆

ကျိုက်ထိုမြို့နယ်အသင်း(ရန်ကုန်)၏ (၅၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် အသက်(၇၅)နှစ်အထက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို မတ်၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း ရန်ကုန်မြို့တော်စည်ပင်ခမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် ကျိုက်ထိုမြို့နယ်သူ မြို့နယ်သားများ တက်ရောက်ရန် ဖိတ်ကြားထားသည်။

သက်ကြီးပူဇော်ပွဲအတွက် ဖေဖော်ဝါရီ ၂၈ ရက်တွင် အသက်(၇၅)နှစ်ပြည့်ပြီးသူအသင်းဝင်များ၊ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော အသင်းဝင်များ၏ သားသမီးများသည် အမှတ်စာရင်းမိတ္တူအထောက်အထားများဖြင့် မတ်၉ရက်နောက်ဆုံးထား၍ အသင်း၏ နာယက ဦးကျင်ဖေ ဖုန်း-၅၅၇၇၀၉၊ နာယကဦးပြုံး ဖုန်း-၂၄၆၅၃၀၊ ဥက္ကဋ္ဌ ဦးသိန်းညွန့် ဖုန်း-၅၄၂၈၅၄၊ ဒုတိယဥက္ကဋ္ဌ ဒေါ်မျိုးမြင့်အေး ဖုန်း-၂၉၁၅၇၃၊ ဘဏ္ဍာရေးမှူး ဒေါ်နွဲ့ရီ ဖုန်း-၆၆၃၆၂၇၊ ၆၃၅၈၃၆ တို့သို့ ဆက်သွယ်စာရင်းပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့

၂၀၀၅ ခုနှစ်၊ မတ်လ(၈)ရက်

International Women's Day

8th March, 2005

မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ဓာတ်ပုံပညာဖြင့်အသိပေးတင်ပြ အမျိုးသားရေးအကျိုးစီးပွားပိုမိုစွမ်းဆောင်နိုင်အောင်ကြိုးပမ်း

ရန်ကုန် မတ် ၆

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးသိန်းစိန်နှင့် ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဓာတ်ပုံအသင်းမှ တာဝန်ရှိသူများ၊ ဆုရဓာတ်ပုံပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အသိပေးတင်ပြ

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာ၌ ယခု (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ပြိုင်ပွဲဝင်ဓာတ်ပုံပညာရှင်၂၈ဦးက ဓာတ်ပုံပေါင်း ၈၂ပုံ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ၎င်းထဲမှ ပထမ၊ ဒုတိယ၊ တတိယဆု သုံးဆုနှင့် အတူ အထူးဆု၁၀ဆုကို အဖွဲ့ဖြင့်ရွေးချယ်ချီးမြှင့်ခြင်းဖြစ်ကြောင်း၊ ယခုအခါ မိမိနိုင်ငံမှ ဓာတ်ပုံပညာသည် အခြားနိုင်ငံများထက် နောက်မကျပါကြောင်း၊ ပြီးခဲ့သည့် အာဆီယံဓာတ်ပုံပြိုင်ပွဲတွင် အာဆီယံနိုင်ငံအားလုံးမှ အငယ်တန်းနှင့် အလွတ်တန်းအဆင့် နှစ်ဆင့်အတွက် တစ်ဆင့်လျှင် ငါးပုံစီဖြင့် ၁၀ပုံစီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မိမိနိုင်ငံမှ အငယ်တန်းအဆင့်တွင် ဒုတိယဆုနှင့် အလွတ်တန်းအဆင့်တွင် တတိယဆုတို့ကို ရခဲ့ပါကြောင်း၊ မိမိနိုင်ငံ၏ဓာတ်ပုံပညာမှာ မနိမ့်ကျပါကြောင်း၊ နောင်တွင် ဓာတ်ပုံပြိုင်ပွဲများကျင်းပရာ၌ နိုင်ငံတော်လွတ်လပ်ရေးနှင့်ပတ်သက်သည့် သတိပြုဖွယ်၊ ဆင်ခြင်ဖွယ်၊ ကာကွယ်ထိန်းသိမ်းဖွယ်တို့ကို ဓာတ်ပုံဖြင့် အသိပညာပေးရေး၊ ကမ္ဘာပေါ်တွင် ဓာတ်ပုံပညာဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ မိမိတို့၏ ဓာတ်ပုံနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဓာတ်ပုံပညာရှင်များဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဓာတ်ပုံပညာရှင်များအနေဖြင့် အခြားအစိုးရမဟုတ်သော အဖွဲ့အစည်းများနည်းတူ တိုင်းပြည်နှင့်လူမျိုးအကျိုးကို ယခုထက် ပိုမိုစွမ်းဆောင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ရေးစသည့် ရည်မှန်းချက်များဖြင့် ဆောင်ရွက်သွားစေလိုကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အကျိုးရှိစေပြီး အမျိုးသားရေး အကျိုးစီးပွားနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးကို ဓာတ်ပုံပညာဖြင့် အသိပေးတင်ပြသင့်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးကို စဉ်းစားမျှော်တွေးပြီး မြန်မာနိုင်ငံဓာတ်ပုံအသင်းကို ယခုထက်ပိုမို ကျယ်ကျယ်ပြန့်ပြန့်ဖွဲ့စည်းပြီး အားကောင်းသော အသင်းကြီးအဖြစ် အမျိုးသားအကျိုးစီးပွားအတွက် ပိုမိုဆောင်ရွက်ပေးနိုင်အောင် ကြိုးစားရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း အတတ်နိုင်ဆုံး ကူညီပံ့ပိုးပေးမည်ဖြစ်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက မြန်မာနိုင်ငံဓာတ်ပုံအသင်းနှင့် အမြဲညှိနှိုင်းဆောင်ရွက်ပေးရန် တာဝန်ယူရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့် ယခုကဲ့သို့ ဆုရရှိပြီးသူများအနေဖြင့် နောင်တွင် ဆုများရရှိရေး ကြိုးစားဆောင်ရွက်ကြရန်၊ မြန်မာနိုင်ငံတွင်သာမက အာဆီယံနှင့် ကမ္ဘာ့အဆင့်ဓာတ်ပုံပြိုင်ပွဲများကိုပါ ထိုးဖောက်ဝင်ရောက်ယှဉ်ပြိုင်နိုင်အောင် ကြိုးစားဆောင်ရွက်ရန်၊ ဓာတ်ပုံပညာနှင့် ဓာတ်ပုံပညာရှင်များဘဝ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ကြရန်၊ ပိုမိုအင်အားတောင့်တင်းသော မြန်မာနိုင်ငံဓာတ်ပုံအသင်းကြီးအဖြစ် နိုင်ငံတော်၏ အမျိုးသားရေးအကျိုးစီးပွားအတွက် ပိုမိုစွမ်းဆောင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် တတိယဆုရ ညောင်ဦးဖိုးချိုအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် အထူးဆုရရှိသူအားဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် အထူးဆုရရှိသူအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

ဆုများချီးမြှင့်

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဖွံ့ဖြိုးသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ ရွှေလေ့မျိုးအောင်၊ ဒုတိယဆုရ ကျော်ကျော်ဝင်း(မြန်မာနိုင်ငံဓာတ်ပုံအသင်း)နှင့် တတိယဆုရ ညောင်ဦးဖိုးချိုတို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးသိန်းစိန်၊ ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်တို့က အထူးဆုရရှိကြသည့် စောအောင်မင်း(နယူးအာရှ)၊ ကျော်ကျော်ဝင်း (မြန်မာနိုင်ငံဓာတ်ပုံအသင်း)၊ ဦးသန်းဝေ(တောင်ကြီး)၊ အထူးဆုသုံးဆုရ အေကေမိုး(သတ္တဗေဒ)၊ တက္ကသိုလ် ဟန်မင်းဦး(Best Photo)၊ ထင်အောင်(အင်းစိန်)၊ ကျော်မင်းလှိုင် (ယဉ်ကျေးမှု တက္ကသိုလ်)နှင့် ဝေကြည်မိုး(ရန်ကုန်တက္ကသိုလ်)တို့အား ဆုများ ချီးမြှင့်ကြသည်။

ယင်းနောက် ဆုရရှိသူများကိုယ်စား ဓာတ်ပုံပညာရှင် ရွှေလေ့မျိုးအောင်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဆုရဓာတ်ပုံများအား ကြည့်ရှုအားပေးသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၇-၃-၂၀၀၅
(တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄း၂၅ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၃၅ ၆။ မျိုးချစ်တပ်မတော်
၄း၄၅ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
Structure Study(2)
(ဒုတိယနှစ်-အင်္ဂလိပ်စာ)
Fiscal Aspects of Public Finance
(တတိယနှစ်-စီးပွားရေး)
၅း၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရင်မှာတိုးဝှေ့ မွှေးနေဆဲ"** (အပိုင်း-၁၁)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ မေးမြန်းစုံစမ်း
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပညာဉာဏ်ကြီး ဘုန်းမီးနေလ"** (အပိုင်း-၂၄)
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

ဆေးဝါးရောင်းချမှု အလုပ်ရုံဆွေးနွေးပွဲကျင်းပပြီးစီး

ရန်ကုန် မတ် ၆

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များ အသင်းက ကြီးမှူး၍ ဆေးဝါးရောင်း ချမှုတွင် လိုက်နာဆောင်ရွက်ရန် ကိစ္စ များနှင့် ပတ်သက်သည့် အလုပ်ရုံ ဆွေးနွေးပွဲ အပတ်စဉ်(၁)ပိတ်ပွဲအခမ်း အနားကို မတ်၃ရက်က ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက် လမ်းရှိ UMFCCI သင်တန်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာမြန်မာနိုင်ငံ ဆေး နှင့်ဆေးပစ္စည်းကုန်သည်များနှင့်လုပ်ငန်း ရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်လေးက အမှာစကားပြော ကြား၍ ဆေးတက္ကသိုလ်(၂) ဒုတိယ ပါမောက္ခချုပ် ဒေါက်တာအောင်ကြီး က အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ် ချက်များကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ပညာရေးဆိုင်ရာ လုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်က အမှာစကားပြောကြားသည်။

ထို့နောက် ပါဝင်ဆွေးနွေးကြသည့် ဆရာဝန်ကြီးများအား ဂုဏ်ပြုလက် ဆောင်များကို ပေးအပ်ပြီး မြန်မာ နိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည် များနှင့် လုပ်ငန်းရှင်များအသင်းက ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည် များနှင့် စက်မှုလက်မှု လုပ်ငန်းရှင် များအသင်းချုပ်သို့ ကျန်းမာရေး အထောက်အကူပြု ပစ္စည်းကို ပေးအပ် လှူဒါန်းသည်။ ဆက်လက်၍ အလုပ်ရုံ ဆွေးနွေးပွဲသို့ တက်ရောက်ကြသူ များအား မှတ်တမ်းလွှာများကို တာဝန် ရှိသူတို့က ပေးအပ်ကြသည်။ **(ယာပုံ)**

ထို့နောက်အသင်း ဒုတိယဥက္ကဋ္ဌ ဦးညွန့်တင်က ကျေးဇူးတင် စကား ပြောကြားသည်။

ကြာမြင့်ခဲ့

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဆေးဝါးရောင်းချခြင်းနှင့် သက်ဆိုင် သူ ၅၀ တက်ရောက်ခဲ့ကြပြီး အလုပ်ရုံ ဆွေးနွေးပွဲမှာ ရက်သတ္တ လေးပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်းနှင့်ဆက်သွယ်ခြင်းမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကစီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့်အသေးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးအဖြစ်တင်ပြ

■ **ရှေ့ဖုံးမှ**

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက စုစည်းတင်ပြရာတွင် –

ယခုဆိုလျှင် ညီလာခံကိုယ်စားလှယ် အများအပြား၏ အကြံပြုချက်များနှင့်အညီ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်ပြီးဖြစ်ပါကြောင်း၊ ယင်းသို့ ချမှတ်လိုက်သည့် အသေးစိတ်အခြေခံရမည့်မူများကို ညီလာခံကိုယ်စားလှယ်များ အလွယ်တကူသိရှိနိုင်စေရန် စုစည်းဖော်ပြလိုက်ပါကြောင်း။

၁။ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ

ပြည်ထောင်စုဥပဒေပြုစာရင်းတွင်–

(၁) **ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နယ်မြေ အစိတ်အပိုင်းများ ကာကွယ်ရေး၊ ယင်းသို့ ကာကွယ်ရေး အတွက် စီမံပြင်ဆင်ခြင်း၊**
(၂) **ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ စက်မှုလက်မှုလုပ်ငန်းများ၊**
(၃) **ဇီဝနှင့်ဓာတု စသည့် လက်နက်များအပါအဝင် လက်နက်ခဲယမ်းမီးကျောက်များနှင့် ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ၊**
(၄) **အဏုမြူစွမ်းအင်၊ အဏုမြူလောင်စာ၊ အဏုမြူရောင်ခြည်နှင့် ယင်းတို့ကို ဖြစ်ထွန်းစေသော ဓာတ်သတ္တုပင်ရင်းအခြေအမြစ်များ၊**
(၅) **စစ်ကြေညာခြင်းနှင့် စစ်ပြေငြိမ်းခြင်း၊**
(၆) **နိုင်ငံတော်တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊**
(၇) **ရဲတပ်ဖွဲ့။**

၂။ နိုင်ငံခြားရေးကဏ္ဍ

ပြည်ထောင်စုဥပဒေပြုစာရင်းတွင်–

(၁) **သံတမန်ရေးရာ၊ ကောင်စစ်ရေးရာနှင့်အခြားရေးရာဆိုင်ရာ ကိုယ်စားလှယ်များ၊**
(၂) **ကုလသမဂ္ဂ၊**
(၃) **အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နှစ်ပြည်ထောင်ဆိုင်ရာ ညီလာခံများ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ အသင်းများနှင့် အခြား အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ရေးနှင့် ယင်းတို့၏ ဆုံးဖြတ်ချက်များကို အထမြောက်စေရေး၊**
(၄) **အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာစာချုပ်များ၊ သဘောတူညီချက်များ၊ ကွန်ဗင်းရှင်းများ၊ နှစ်ပြည်ထောင်ဆိုင်ရာ သဘောတူညီချက်များ၊ စာချုပ်များကို ချုပ်ဆိုရေးနှင့် အထမြောက်စေရေး၊**
(၅) **နိုင်ငံကူးလက်မှတ်များနှင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်များ၊**
(၆) **ပြည်ဝင်ခွင့် ဗီဇာ၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ ဝင်ခွင့်ပြုရေး၊ နေထိုင်ခွင့်ပြုရေး၊ နိုင်ငံမှ ထွက်ခွာခွင့်ပြုရေး၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်နှင်ဒဏ်ပေးရေး၊**
(၇) **ပြစ်မှုကျူးလွန်သူအား သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်လွှဲအပ်ပေးရေးနှင့် သက်ဆိုင်ရာနိုင်ငံမှ တောင်းဆိုရေး။**

၃။ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ

(က) ပြည်ထောင်စုဥပဒေပြုစာရင်းတွင်–

(၁) **ပြည်ထောင်စုအရအသုံးခန့်မှန်းခြေငွေစာရင်း၊**
(၂) **ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊**
(၃) **ငွေစက္ကူထုတ်လုပ်ရေး၊ ဒင်္ဂါးသွန်းလုပ်ရေး၊**
(၄) **မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများ၊**
(၅) **နိုင်ငံခြားသုံးငွေထိန်းသိမ်းကြီးကြပ်ရေး၊**
(၆) **အရင်းအနှီးနှင့် ငွေကြေးဈေးကွက်၊**
(၇) **အာမခံလုပ်ငန်း၊**
(၈) **ဝင်ငွေခွန်၊**
(၉) **ကုန်သွယ်လုပ်ငန်းခွန်၊**
(၁၀) **တံဆိပ်ခေါင်းခွန်၊**
(၁၁) **အကောက်ခွန်၊**
(၁၂) **အောင်ဘာလေထီ၊**
(၁၃) **အခွန်အယူခံခြင်း၊**
(၁၄) **ပြည်ထောင်စု၏ ဝန်ဆောင်မှုလုပ်ငန်းများ၊**
(၁၅) **ပြည်ထောင်စုပိုင်ပစ္စည်းများ ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်း၊**
(၁၆) **ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေများ ထုတ်ချေးခြင်း၊**
(၁၇) **ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေများ ရင်းနှီးမြှုပ်နှံခြင်း၊**
(၁၈) **ပြည်တွင်းပြည်ပမှ ငွေချေးယူခြင်း၊**
(၁၉) **ပြည်ထောင်စုအတွက် ပစ္စည်းရယူခြင်း၊**
(၂၀) **ပြည်ပမှ ငွေကြေးအကူအညီနှင့် အထောက်အပံ့၊**
(၂၁) **အမျိုးသားစီမံကိန်း၊**
(၂၂) **စာရင်းစစ်တမ်း ကောက်ယူခြင်း၊**
(၂၃) **အမျိုးသားမှတ်တမ်းနှင့် မော်ကွန်း၊**
(၂၄) **ရင်းနှီးမြှုပ်နှံမှု၊**
(၂၅) **စာရင်းစစ်ဆေးခြင်း။**

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်–

(၁) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံးခန့်မှန်းခြေငွေစာရင်း၊**
(၂) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ၊**
(၃) **မြေယာခွန်၊**
(၄) **ယစ်မျိုးခွန်(မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သည့် ဆေးဝါးများမပါ)၊**
(၅) **အဆောက်အအုံနှင့် မြေခွန်၊ ရေခွန်၊ လမ်းမီးခွန်၊ ဘီးခွန်စသည့် စည်ပင်သာယာရေးဆိုင်ရာ အခွန်အခများ၊**
(၆) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ဝန်ဆောင်မှု လုပ်ငန်းများ၊**
(၇) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပိုင်ပစ္စည်းများ ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်း၊**
(၈) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများ ပြည်တွင်း၌ထုတ်ချေးခြင်း၊**
(၉) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေများ ပြည်တွင်း၌ရင်းနှီးမြှုပ်နှံခြင်း၊**
(၁၀) **ဒေသန္တရစီမံကိန်း၊**
(၁၁) **အသေးစားငွေချေးလုပ်ငန်း။**

၄။ စီးပွားရေးကဏ္ဍ

(က) ပြည်ထောင်စုဥပဒေပြုစာရင်းတွင်–

(၁) **စီးပွားရေး၊**
(၂) **ကူးသန်းရောင်းဝယ်ရေး၊**
(၃) **သမဝါယမ၊**
(၄) **ကော်ပိုရေးရှင်း၊ ဘုတ်အဖွဲ့၊ လုပ်ငန်း၊ ကုမ္ပဏီ၊အစုစပ်၊**
(၅) **သွင်းကုန်၊ ထုတ်ကုန်နှင့် ယင်းကုန်ပစ္စည်းများ၏ အရည်အသွေး သတ်မှတ်ခြင်း၊**
(၆) **ဟိုတယ်နှင့် တည်းခိုခန်း၊**
(၇) **ခရီးသွားလာရေးလုပ်ငန်း။**

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်–

(၁) **ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်သည့် စီးပွားရေးကိစ္စများ၊**
(၂) **ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်သည့် ကူးသန်းရောင်းဝယ်ရေးကိစ္စများ၊**
(၃) **ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်သည့် သမဝါယမ ကိစ္စများ။**

၅။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ

(က) ပြည်ထောင်စုဥပဒေပြုစာရင်းတွင်–

(၁) **မြေယာစီမံခန့်ခွဲမှု၊**
(၂) **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဖော်ထုတ်ခြင်း၊**
(၃) **ကြေးတိုင်နှင့် မြေစာရင်း၊**
(၄) **မြေတိုင်း၊**
(၅) **ပြည်ထောင်စုက စီမံခန့်ခွဲသည့် ဆည်မြောင်း၊ တာတမံနှင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းများ၊**
(၆) **မိုးလေဝသ၊ ဇလဗေဒနှင့် မြေငလျင်တိုင်းတာရေး၊**
(၇) **စာချုပ်စာတမ်း မှတ်ပုံတင်ခြင်း၊**
(၈) **စက်မှုလယ်ယာ၊**
(၉) **စိုက်ပျိုးရေး သုတေသန၊**
(၁၀) **ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးထုတ်လုပ်ရေး၊**
(၁၁) **ပင်လယ်ငါးလုပ်ငန်း၊**
(၁၂) **တိရစ္ဆာန် မျိုးပွားရေး၊ ရောဂါကာကွယ်ရေး၊ ကုသရေးနှင့်သုတေသနလုပ်ငန်းများ။**

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်–

(၁) **လယ်ယာစိုက်ပျိုးရေး၊**
(၂) **အပင်နှင့် သီးနှံဖျက်ပိုးမွှား ရောဂါကာကွယ်ရေးနှင့် နှိမ်နင်းရေး၊**
(၃) **ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲရေးနှင့် သဘာဝမြေဩဇာများ စနစ်တကျ ထုတ်လုပ်သုံးစွဲရေး၊**
(၄) **စိုက်ပျိုးရေး ချေးငွေနှင့်စုငွေများ၊**
(၅) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသော ဆည်မြောင်း၊ တာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ၊**
(၆) **ရေချို ငါးလုပ်ငန်း၊**
(၇) **ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိရစ္ဆာန် မွေးမြူရေးနှင့် စနစ်တကျ ထိန်းကျောင်းရေး။**

၆။ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ

(က) ပြည်ထောင်စုဥပဒေပြုစာရင်းတွင်–

(၁) **ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ပြည်ထောင်စုဥပဒေအရ ဘေးအန္တရာယ် ဖြစ်လောက်အောင် လောင်ကျွမ်းစေတတ်သည်ဟု သတ်မှတ်ထားသော အခြားအရည်အခဲ စသည်များ၊**
(၂) **ပြည်ထောင်စုလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး၊**
(၃) **သတ္တုများ၊ သတ္တုတွင်းများ၊ သတ္တုတွင်းအလုပ်သမားဘေးကင်းရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေး၊**
(၄) **ကျောက်မျက်ရတနာ၊**
(၅) **ပုလဲ၊**
(၆) **သစ်တော၊**
(၇) **တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် သဘာဝနယ်မြေများ အပါအဝင် ပတ်ဝန်းကျင်ကာကွယ်ရေးနှင့် ထိန်းသိမ်းရေး။**

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်–

(၁) **ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ် ဖြန့်ဖြူးရေး၊**
(၂) **ဆားနှင့် ဆားထွက်ပစ္စည်း၊**
(၃) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊သွေးခြင်း၊**
(၄) **ကျေးရွာထင်းစိုက်ခင်း၊**
(၅) **အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်။**

၇။ စက်မှုလက်မှုကဏ္ဍ

(က) ပြည်ထောင်စုဥပဒေပြုစာရင်းတွင်–

(၁) **ပြည်ထောင်စုအဆင့်ကဆောင်ရွက်မည့် စက်မှုလုပ်ငန်းများ၊**
(၂) **စက်မှုဇုန်များ၊**
(၃) **ထုတ်လုပ်သည့် ပစ္စည်းများအတွက် အခြေခံ စံချိန် စံညွှန်းများ၊**
(၄) **သိပ္ပံနှင့်နည်းပညာ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ သုတေသန၊**
(၅) **အလေးတင်းတောင်း၊ အတိုင်းအတာစသည်တို့ကို စံပြုခြင်း၊**
(၆) **မူပိုင်ခွင့်များ (Copyrights)၊ တီထွင်မှုမူပိုင်ခွင့်များ (Patents)၊ ကုန်အမှတ်တံဆိပ်များ (Trademarks)၊ စက်မှုဆိုင်ရာ ဒီဇိုင်းများ (Industrial Designs) စသည့် အသိဉာဏ်ဆိုင်ရာ ပစ္စည်းများ (Intellectual Properties)။**

(ခ) တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်–

(၁) **ပြည်ထောင်စုအဆင့်က ဆောင်ရွက်ရန် သတ်မှတ်ထားသည့်စက်မှုလုပ်ငန်းများမှအပ အခြားစက်မှုလုပ်ငန်းများ၊**
(၂) **အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ။**

၈။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ

(က) ပြည်ထောင်စု ဥပဒေပြုစာရင်းတွင်–

(၁) **ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး၊**
(၂) **ရေကြောင်းလမ်းများ ပြုပြင်ထိန်းသိမ်းရေး၊**
(၃) **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး၊**
(၄) **ပင်လယ်ရေကြောင်းသယ်ယူပို့ဆောင်ရေး၊**
(၅) **ပင်လယ်ကူးသင်္ဘောဆိပ်ကမ်းကြီးများ၊**
(၆) **မီးပြတိုက်၊ မီးပြသင်္ဘောနှင့် မီးပြအစီအမံများ၊**
(၇) **သင်္ဘောတည်ဆောက်ရေး၊ ပြင်ဆင်ထိန်းသိမ်းရေး၊**
(၈) **လေကြောင်းသယ်ယူပို့ဆောင်ရေး၊**
(၉) **လေကြောင်း ပျံသန်းရေး၊ ထိန်းသိမ်းရေးနှင့် လေယာဉ်ကွင်း တည်ဆောက်ရေး၊**
(၁၀) **ကုန်းလမ်းသယ်ယူပို့ဆောင်ရေး၊**
(၁၁) **မီးရထား၊**
(၁၂) **ပြည်ထောင်စုကစီမံခန့်ခွဲသည့် လမ်းမကြီးများ၊ တံတားကြီးများ၊**
(၁၃) **စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်း၊ ဖက်(စ်)၊ အီးမေးလ်၊ အင်တာနက်၊ အင်ထရာနက်နှင့် အလားတူ ဆက်သွယ်ရေး၊**
(၁၄) **ရုပ်မြင်သံကြား၊ ဂြိုဟ်တုဆက်သွယ်ရေး၊ အသံလွှင့်၊ အသံဖမ်းလုပ်ငန်းနှင့် အလားတူ ဆက်သွယ်ရေးများ၊**
(၁၅) **အိမ်ရာနှင့် အဆောက်အအုံများ။**

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်–

(၁) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ၊**
(၂) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် လမ်းများ၊ တံတားများ၊**
(၃) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းသာသွားလာသည့် ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး။**

၉။ လူမှုရေးကဏ္ဍ

(က) ပြည်ထောင်စုဥပဒေပြုစာရင်းတွင်–

(၁) **ပညာသင်ကြားရေးဆိုင်ရာ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာ၊ သင်ပြနည်းစနစ်၊ သုတေသန၊ စီမံကိန်း၊ စီမံချက်နှင့် စံများ၊**
(၂) **တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံစသည့် သင်တန်းများနှင့် အဆင့်မြင့်ပညာ အခြားအဖွဲ့အစည်းများ၊**
(၃) **ပြည်ထောင်စုက သတ်မှတ်သည့်စာမေးပွဲများ၊**
(၄) **ကိုယ်ပိုင်ကျောင်းများနှင့် သင်တန်းများ၊**
(၅) **အမျိုးသားအားကစား၊**
(၆) **အမျိုးသားကျန်းမာရေး၊**
(၇) **တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါးဖွံ့ဖြိုးတိုးတက်ရေး၊**
(၈) **ကုသိုလ်ဖြစ်ဆေးရုံများနှင့် ဆေးခန်းများ၊ ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများ၊**
(၉) **မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊**
(၁၀) **ကြက်ခြေနီအသင်း၊**

စာမျက်နှာ ၆ သို့

7-3 (05).p65 1 3/27/05, 11:04 PM

ပြည်ထောင်စုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုပိုင်ခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းသည်

စာမျက်နှာ ၅ မှ

(၁၁) အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်စသည်တို့တုပ ရောနှောထုတ်လုပ်ရောင်းချခြင်းမှ ကာကွယ်ရေး၊
(၁၂) ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်မစွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အခြေအနေမဲ့များအား စောင့်ရှောက်ရေး၊
(၁၃) ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များ၊
(၁၄) မီးသတ်တပ်ဖွဲ့၊
(၁၅) အလုပ်လုပ်ချိန်၊ နားချိန်၊ အလုပ်ပိတ်ရက်များနှင့် လုပ်ငန်းခွင်ဆိုင်ရာဘေးအန္တရာယ်ကင်းရှင်းရေး၊
(၁၆) ဝါဏိဇ္ဇပဋိပက္ခ၊
(၁၇) လူမှုဖူလုံရေး၊
(၁၈) အလုပ်သမားအဖွဲ့အစည်းများ၊
(၁၉) ပြည်ထောင်စုက စီမံခန့်ခွဲသည့်–
(ကက) ရှေးဟောင်းယဉ်ကျေးမှု သို့မဟုတ် သမိုင်းဝင်ဒေသများ၊ အဆောက်အအုံများ၊ အထိမ်းအမှတ်များ၊ မှတ်တမ်းများ၊ ကျောက်စာများ၊ မင်စာများ၊ ပေပုရပိုက်များ၊ လက်ရေးစာများ၊ လက်ရာများ၊ ရုပ်ဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းသုတေသနလုပ်ငန်းများ၊
(ခခ) ပြတိုက်များ၊ စာကြည့်တိုက်များ၊
(၂၀) စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်၊ ဗီဒီယို၊
(၂၁) မွေးဖွားခြင်းနှင့် သေဆုံးခြင်းဆိုင်ရာ မှတ်ပုံတင်ရေး။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်–
(၁) ပြည်ထောင်စုကချမှတ်ထားသည့် တိုင်းရင်းဆေးဆိုင်ရာ မူဝါဒများနှင့်မဆန့်ကျင်သော တိုင်းရင်းဆေးဆိုင်ရာကိစ္စများ၊
(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း လူမှုဝန်ထမ်းလုပ်ငန်းများ၊
(၃) မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး၊
(၄) ကုန်တင်ကုန်ချလုပ်ငန်း၊
(၅) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့်–
(ကက) ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေး၊
(ခခ) ပြတိုက်နှင့် စာကြည့်တိုက်များ၊
(၆) ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ၊
(၇) ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပုစသည့်ပြပွဲများ

စသည်ဖြင့် စုစည်းတင်ပြသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင်က ဆက်လက်၍ စုစည်းတင်ပြရာ၌–

၁၀။ စီမံခန့်ခွဲရေးကဏ္ဍ

(က) ပြည်ထောင်စုဥပဒေပြုစာရင်းတွင်–
(၁) အထွေထွေအုပ်ချုပ်ရေး၊
(၂) ရွာမြေ၊ မြို့မြေ စီမံခန့်ခွဲရေး၊
(၃) အိမ်ငှား၊ မြေငှား၊
(၄) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါး၊
(၅) နိုင်ငံတော်လျှို့ဝှက်ချက်ထိန်းသိမ်းရေးဆိုင်ရာကိစ္စများ၊
(၆) အသင်းအဖွဲ့များ၊
(၇) အကျဉ်းထောင်၊
(၈) နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊
(၉) သန်းခေါင်စာရင်း၊
(၁၀) နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်း၊ နိုင်ငံသားအဖြစ်မှရုပ်စဲခြင်း၊ ရုပ်သိမ်းခြင်း၊ နိုင်ငံသားစိစစ်ရေးနှင့်မှတ်ပုံတင်လုပ်ငန်း၊
(၁၁) ဘွဲ့ထူး၊ ဂုဏ်ထူး။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်–
(၁) စည်ပင်သာယာရေး၊
(၂) မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေး၊
(၃) ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ။

၁၁။ တရားစီရင်ရေးကဏ္ဍ

(က) ပြည်ထောင်စုဥပဒေပြုစာရင်းတွင်–
(၁) တရားစီရင်ရေး၊
(၂) ရှေ့နေများ၊
(၃) ပြစ်မှုဆိုင်ရာဥပဒေများ၊ ကျင့်ထုံးများ၊
(၄) တရားဥပဒေများ၊ ကျင့်ထုံးများအပါအဝင်၊ ပဋိညာဉ်၊ အနုညာတစီရင်ဆုံးဖြတ်ရေး၊ တရားစွဲဆိုပိုင်ခွင့်ရှိသောနစ်နာချက်များ၊ လူမွဲအဖြစ်ခံယူခြင်း၊ ယုံမှတ်အပ်နှံခြင်းနှင့် ယုံမှတ်အပ်နှံထားသဖြင့် စီမံပိုင်ခွင့်ရှိသူများ၊ အမွေထိန်းနှင့် ပစ္စည်းထိန်း၊ မိသားစုဆိုင်ရာဥပဒေများ၊ အုပ်ထိန်းသူများနှင့် အုပ်ထိန်းခံရသူများ၊ ပစ္စည်းလွှဲပြောင်းခြင်း၊ အမွေဆက်ခံရေး၊
(၅) သက်သေခံဥပဒေ၊
(၆) ကာလစည်းကမ်းသတ်၊
(၇) အမှုတန်ဖိုးသတ်မှတ်ခြင်း၊
(၈) သီးခြားသက်သာခွင့်၊
(၉) နိုင်ငံခြားစီရင်ပိုင်ခွင့်အာဏာ၊
(၁၀) ပင်လယ်ရေကြောင်း စီရင်ပိုင်ခွင့်၊
(၁၁) ပင်လယ်ဓားပြမှုများ၊ နိုင်ငံတကာ ပင်လယ်ပြင် သို့မဟုတ် ကောင်းကင်ယံ၌ ကျူးလွန်သော ပြစ်မှုများ၊ အပြည်ပြည်ဆိုင်ရာဥပဒေကိုဖောက်ဖျက်၍ မြေပြင် သို့မဟုတ် နိုင်ငံတကာပင်လယ်ပြင် သို့မဟုတ် ကောင်းကင်ယံ၌ ကျူးလွန်သောပြစ်မှုများ။

၁၂။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များအား မိမိတို့တိုင်း သို့မဟုတ် ဒေသအတွက် အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ဥပဒေပြုခွင့်အာဏာများ ခွဲဝေအပ်နှင်းသည်–
(က) မြို့ပြနှင့် ကျေးရွာစီမံကိန်းများ(Town and Village Plan)
(ခ) လမ်းတံတားများဖောက်လုပ်၊ တည်ဆောက်၊ ပြုပြင်ထိန်းသိမ်းရေး၊
(ဂ) ပြည်သူ့ကျန်းမာရေး၊
(ဃ) စည်ပင်သာယာရေးလုပ်ငန်း၊
(င) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊
(စ) စားကျက်မြေများထိန်းသိမ်းရေး၊
(ဆ) သစ်တောများကာကွယ်ထိန်းသိမ်းရေး၊
(ဇ) ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊
(ဈ) မြို့နှင့်ကျေးရွာများအတွင်း ရေနှင့်လျှပ်စစ်မီးဆိုင်ရာကိစ္စ၊
(ည) မြို့များနှင့်ကျေးရွာများ၏ဈေးများဆိုင်ရာကိစ္စ။

၁၃။ ပြည်ထောင်စုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုပိုင်ခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်သို့အပ်နှင်းသည်။

၁၄။ တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ်ပြည်နယ်လွှတ်တော်ကိုဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့သို့မဟုတ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ကိုဖြစ်စေ ဥပဒေပြုခွင့်အပ်နှင်းထားသော ကိစ္စများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြဋ္ဌာန်းပေးရန်လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်က လိုအပ်သောဥပဒေကို ပြဋ္ဌာန်းပေးရမည်။

၁၅။ လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏အကျိုးသက်ရောက်မှုနှင့်စပ်လျဉ်းပြီး–
(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါပြဋ္ဌာန်း ချက်တစ်ရပ်ရပ်နှင့်ဆန့်ကျင်နေလျှင်သက်ဆိုင်ရာ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်။
(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့သို့မဟုတ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းသည့် ဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်။
(ဂ) တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ်ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းသည့် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်။
(ဃ) ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က ပြဋ္ဌာန်းလိုက်သည့်ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်သည်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့်ဆန့်ကျင်နေလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်။
(င) တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ပြင်ဆင်ခြင်းမပြုသေးမီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။

၁၆။ ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်းအပါအဝင် ဘဏ္ဍာရေးဆိုင်ရာကိစ္စ ရပ်များနှင့်စပ်လျဉ်းပြီး–
(က) ပြည်ထောင်စုဝန်ကြီးဌာနများ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများကို နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ဒုတိယသမ္မတတစ်ဦးက ဦးဆောင်စိစစ်၍ ပြည်ထောင်စုဝန်ကြီးဌာနများ အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ အရအသုံးငွေစာရင်းလျာထားချက်ကို ဘဏ္ဍာရေးကော်မရှင်သို့တင်ပြရမည်။
(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံးငွေစာရင်းများကို နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ကျန်ဒုတိယသမ္မတတစ်ဦးက ဦးဆောင်စိစစ်ပြီး တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ် အရအသုံးငွေစာရင်း လျာထားချက်ကို ဘဏ္ဍာရေးကော်မရှင်သို့တင်ပြရမည်။
(ဂ) ပြည်ထောင်စုနယ်မြေ အသုံးစရိတ်များပါရှိသော ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်လျော်သလို ဖြည့်ဆည်းပေးခြင်း၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှအထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ ချေးငွေများခွင့်ပြုခြင်းအပါအဝင် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်း သို့မဟုတ် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ထောက်ခံတင်ပြနိုင်ရေးအတွက် လည်းကောင်း၊ ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်သင့်သည့်ကိစ္စများကို အကြံပြုနိုင်ရေးအတွက်လည်းကောင်း၊ ခိုင်မာသော ဘဏ္ဍာရေးစနစ် ဖြစ်ပေါ်စေရေးအတွက် ပြည်ထောင်စု လွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ တာဝန်ပေးအပ်သည့် ကိစ္စရပ်များကိုလည်းကောင်း ဆောင်ရွက်နိုင်ရေးအတွက် ဘဏ္ဍာရေးကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

(၁) နိုင်ငံတော်သမ္မတ	–	ဥက္ကဋ္ဌ
(၂) ဒုတိယသမ္မတများ	–	ဒုတိယဥက္ကဋ္ဌများ
(၃) ပြည်ထောင်စုရှေ့နေချုပ်	–	အဖွဲ့ဝင်
(၄) ပြည်ထောင်စုစာရင်းစစ်ချုပ်	–	အဖွဲ့ဝင်
(၅) တိုင်းဒေသကြီးဝန်ကြီးချုပ်များနှင့်ပြည်နယ်ဝန်ကြီးချုပ်များ	–	အဖွဲ့ဝင်များ
(၆) ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ	–	အဖွဲ့ဝင်
(၇) ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီး	–	အတွင်းရေးမှူး

(ဃ) (၁) ဘဏ္ဍာရေးကော်မရှင်ကို ဖွဲ့စည်းသည့်အခါ အဖွဲ့ဝင်အဖြစ် ထမ်းဆောင်ရမည့် ရာထူးနေရာတွင် အကြောင်းတစ်စုံတစ်ရာကြောင့် တာဝန်ပေးအပ်ခြင်းခံရသူမရှိသေးပါက နိုင်ငံတော်သမ္မတသည် သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးအား ယာယီအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်နိုင်သည်၊
(၂) ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်းကို နိုင်ငံတော်သမ္မတက ထုတ်ပြန် ကြေညာရမည်။ ထို့အပြင် ဘဏ္ဍာရေးကော်မရှင်အတွက် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်စသည်များကိုလည်း နိုင်ငံတော်သမ္မတသို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ထုတ်ပြန်ကြေညာနိုင်မည်။
(င) ဘဏ္ဍာရေးကော်မရှင်သည် ပြည်ထောင်စု၏အရအသုံးခန့်မှန်းခြေငွေစာရင်း၊တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအား ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်တင့်လျောက်ပတ်စွာဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ လိုအပ်မည့် ချေးငွေများ ထုတ်ချေးခြင်းတို့ ပါဝင်သည့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စု လွှတ်တော်သို့တင်ပြနိုင်ရေးအတွက် နိုင်ငံတော်သမ္မတထံသို့ ထောက်ခံတင်ပြရမည်။
(စ) ဘဏ္ဍာရေးကော်မရှင်သည် လိုအပ်ပါက ဘဏ္ဍာရေးကျွမ်းကျင်သူများ၏ အကြံဉာဏ်များကို ရယူနိုင်သည်။
(ဆ) ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား နိုင်ငံတော်သမ္မတ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်သည် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စု လွှတ်တော်သို့ တင်ပြရမည်။
(ဇ) ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် ပါရှိသော –
(၁) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသောပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ အကြီးအကဲများနှင့်အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊
(၂) ပြည်ထောင်စုကပေးဆပ်ရန် တာဝန်ရှိသော ကြွေးမြီများ၊ ယင်း ကြွေးမြီများနှင့် ဆက်နွှယ်သော ကုန်ကျစရိတ်များ၊ ပြည်ထောင်စုက ချေးယူငွေများနှင့် ဆက်နွှယ်သော အခြားကုန်ကျစရိတ်များ၊
(၃) တရားရုံး သို့မဟုတ် ခုံရုံးတစ်ခုခု၏ စီရင်ချက်၊ အမိန့်၊ ဒီကရီအရ ပေးဆောင်ရန်ရှိသော အသုံးစရိတ်များ၊
(၄) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာစာချုပ်တစ်ခုခုအရဖြစ်စေ ကျခံရမည့် အခြားအသုံးစရိတ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးပိုင်ခွင့်ရှိသည်။ သို့သော် ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းမပြုရ။
(ဈ) အထက်အပိုဒ် (ဇ)ပါ အသုံးစရိတ်များမှအပ အခြားအသုံးစရိတ်များအတွက်ကိုမူ ပြည်ထောင်စုလွှတ်တော်က သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်။
(ည) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေပါအတိုင်း ပြည်ထောင်စုအစိုးရအဖွဲ့က လိုအပ်သလို ဆောင်ရွက်ရမည်။
(ဋ) ပြည်ထောင်စုလွှတ်တော်က သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ပြဋ္ဌာန်းထားသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရေ အသုံးဆိုင်ရာ ဥပဒေပါ လျာထားသော ရငွေများနှင့် ခွင့်ပြုထားသော သုံးငွေများအပြင် နောက်ထပ် ရငွေများ လျာထားရန်နှင့် သုံးငွေများခွင့်ပြုရန် လိုအပ်သည့်အခါ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကို အထက်ပါနည်းလမ်းများအတိုင်း ပြဋ္ဌာန်းဆောင်ရွက်ရမည်။

စာမျက်နှာ ၇ သို့

စာမျက်နှာ ၆ မှ

(ဌ) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေပါအတိုင်း ပြည်ထောင်စုအစိုးရအဖွဲ့က လိုအပ်သလို ဆောင်ရွက်ရမည်။

(ဍ) ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ သို့မဟုတ် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေမှ ရရှိသည့် ဘဏ္ဍာငွေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အရ အသုံးခန့်မှန်းခြေငွေစာရင်းကို သက်ဆိုင်ရာ ဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်အပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က လိုအပ်သလို ဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်။

ယင်းသို့ဆောင်ရွက်ရာတွင်–

(၁) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများ၏ အကြီးအကဲများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏အသုံးစရိတ်များ၊

(၂) နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့ အကြီးအကဲများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ပေးဆပ်ရန် တာဝန်ရှိသော ကြွေးမြီများ၊ ယင်းကြွေးမြီများနှင့် ဆက်နွှယ်သော ကုန်ကျစရိတ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ချေးယူငွေများနှင့် ဆက်နွှယ်သော ကုန်ကျစရိတ်များ၊

(၄) တရားရုံး သို့မဟုတ် ခုံရုံးတစ်ခုခု၏ စီရင်ချက်၊ အမိန့်၊ ဒီကရီအရ ပေးဆောင်ရန်ရှိသောအသုံးစရိတ်များ၊

(၅) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေတစ်ရပ်ရပ်အရ ကျခံရမည့် အခြား အသုံးစရိတ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် ဆွေးနွေးပိုင်ခွင့်ရှိသည်။ သို့သော် ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်း မပြုရ။

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဥပဒေနှင့်အညီ ကောက်ခံ၍တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည့် အခွန်အခများမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) မြေယာခွန်၊
(၂) ယစ်မျိုးခွန်၊
(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့် ရှိသည့်ဆည်များ၊ တာတမံများကို အရင်းခံသည့်ရေခွန်၊ တာတမံခွန်နှင့် ထိုဆည်များ၊ တာတမံများ၏ရေအားဖြင့် ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အား သုံးစွဲခ၊
(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကစီမံခန့်ခွဲခွင့် ရှိသည့် လမ်းများ၊ တံတားများဖြတ်သန်းခ၊
(၅) (ကက) ရေချိုငါးလုပ်ငန်းအပေါ်တွင် စည်းကြပ်ကောက်ခံသည့် ဘဏ္ဍာတော်ကြေး(**Royalty**)၊
(ခခ) သတ်မှတ်ထားသော အကွာအဝေးအတွင်းပင်လယ်ငါးဖမ်းလုပ်ငန်းအပေါ်တွင် စည်းကြပ်ကောက်ခံသည့် ဘဏ္ဍာတော်ကြေး (**Royalty**)၊
(၆) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကုန်းလမ်း၊ ရေလမ်းသုံး ယာဉ်များဆိုင်ရာဥပဒေအရ စည်းကြပ်သောအခွန်၊
(၇) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပိုင်ပစ္စည်းများ ရောင်းရငွေနှင့် ငှားရမ်းခများ၊ ယင်းပစ္စည်းများမှရရှိသော အခြား အကျိုးအမြတ်များ၊
(၈) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဝန်ဆောင်မှု လုပ်ငန်းများအတွက် သတ်မှတ်ကောက်ခံသည့် အခကြေးငွေများ၊ အခွန်အခများနှင့်အခြားရငွေများ၊
(၉) တိုင်းဒေသကြီး တရားလွှတ်တော် သို့မဟုတ် ပြည်နယ် တရားလွှတ်တော်အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ တရားရုံးများက ချမှတ်သည့်ဒဏ်ငွေများ၊ ဝန်ဆောင်မှုအတွက် ကောက်ခံသည့် အခွန်အခများနှင့် အခြားရငွေများ၊
(၁၀) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများ ထုတ်ချေးသဖြင့် ရရှိသောအတိုးများ၊
(၁၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ရရှိသည့်အကျိုးအမြတ်များ၊
(၁၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ သစ်တောများမှ အောက်ပါပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်အခများ–
(ကက) ကျွန်းနှင့်ပတ်သက်သော သစ်မာများမှအပ ကျန်သစ်များအပေါ်တွင် ကောက်ခံသည့်အခွန်၊
(ခခ) ထင်း၊ မီးသွေး၊ ကြိမ်၊ ဝါး၊ ငှက်သိုက်၊ ရှားစေး၊ သနပ်ခါး၊ ထင်းရှူးဆီ၊ သစ်မွေး၊ ပျားထွက်ပစ္စည်းများအပေါ် ကောက်ခံသည့်အခွန်၊
(၁၃) မှတ်ပုံတင်ကြေး၊
(၁၄) ပွဲခွန်၊
(၁၅) ဆားခွန်၊
(၁၆) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ရရှိသည့်ဘဏ္ဍာငွေများ၊
(၁၇) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ စည်ပင်သာယာရေးဆိုင်ရာ အဖွဲ့အစည်းများ၏ထည့်ဝင်ငွေများ၊
(၁၈) ပိုင်ရှင်မပေါ်သော သွင်းထားငွေများနှင့်ပစ္စည်းများ၊
(၁၉) ရတနာသိုက်(**Treasure Trove**)၊

(ဏ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများကို ဥပဒေနှင့်အညီ သုံးစွဲခွင့်ရှိသည်။

(တ) ပြည်ထောင်စုသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံခွင့်ရှိသော အခွန်အခများမှအပ အခြားအခွန်အခများကို ဥပဒေနှင့်အညီကောက်ခံ၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

(ထ) တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များက ကောက်ခံရန် သတ်မှတ်ထားသည့်ရငွေများနှင့် အခွန်အခအမျိုးအစားများကို ပြည်ထောင်စုနယ်မြေများအတွက် ကောက်ခံရန်ရှိပါက ပြည်ထောင်စုက ဥပဒေနှင့်အညီ ကောက်ခံပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

(ဒ) ပြည်ထောင်စုသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကို ဥပဒေနှင့် အညီ သုံးစွဲခွင့်ရှိသည်

ဟု ချမှတ်လိုက်သည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် စပ်လျဉ်းသည့် အသေးစိတ်အခြေခံရမည့်မူများကို စုစည်းတင်ပြရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

(သတင်းစဉ်)

ကုန်ချောထုတ်လုပ်မှုအတွက် ယခုကတည်းကကြိုတင်ပြင်ဆင် စီးပွားရေးအရတွက်ခြေကိုက်ရေး တွက်ချက်ဆောင်ရွက်

ရန်ကုန် မတ် ၆

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အေးသာယာစက်မှုဇုန်တာဝန်ခံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီတို့သည် ယနေ့မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်သို့ရောက်ရှိပြီး စက်မှုဇုန်အစည်းအဝေးခန်းမ၌ သံရည်ကျိုစက်ရုံ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးက ပြောကြားရာတွင် နိုင်ငံတော်က စက်မှုနိုင်ငံထူထောင်ရန် ရည်ရွယ်၍ လိုအပ်သော စက်အရန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် နိုင်ငံခြားငွေအကုန်အကျခံပြီး သံရည်ကျိုစက်ရုံ၊ စက်ခုတ်စားစက်ရုံနှင့် ပုံဖိပုံထောင်းစက်ရုံများကို တည်ထောင်ပေးနေခြင်းဖြစ်ကြောင်း၊ စက်များ တပ်ဆင်ရေးနှင့် စမ်းသပ်လည်ပတ်ရေး လုပ်ငန်းများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့တစ်ဖက်ကလည်း လိုအပ်သော ကျွမ်းကျင်သူ ပညာသည်များရှာဖွေ ပြုစု ပျိုးထောင် လေ့ကျင့်ပေးသွားရမည်ဖြစ်ကြောင်း၊ အခြားစက်မှုဇုန်များသို့လည်း အပြန်အလှန် သွားရောက်လေ့လာရမည်ဖြစ်ကြောင်း၊ ကုန်ကြမ်းရှာဖွေစုဆောင်းမှု၊ ကုန်ချောထုတ်လုပ်မှုအတွက် ယခုကတည်းက ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားရမည်ဖြစ်သကဲ့သို့ စီးပွားရေးတွက်ခြေကိုက်မှု အခြေအနေကိုလည်း တွက်ချက် သုံးသပ်နိုင်ရမည်ဖြစ်ကြောင်းဖြင့်ပြောကြားပြီး သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေးအတွက် နေ့ရောညပါ ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အေးသာယာစက်မှုဇုန်ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးရဲထွန်းစိန်၊ သံရည်ကျိုစက်ရုံတည်ဆောက်ရေးဦးစီးကော်မတီ အတွင်းရေးမှူး ဦးမြင့်သိန်းနှင့် ဒေင်အုပ်စုဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ခံဦးကြည်ဝင်းစိန်တို့က စက်ရုံတည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးနှင့်ဝန်ကြီးတို့က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

ကြည့်ရှု

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် သံရည်ကျိုစက်ရုံ၊ စက်ခုတ်စားစက်ရုံ၊ပုံဖိပုံထောင်းစက်ရုံ တည်ဆောက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ရှမ်းစတား ကုမ္ပဏီက ထုတ်လုပ်သည့် (၆ x ၄) ၁၀ တန် ရှမ်းစတား ထရပ်ကား ပြသထားမှုကို ကြည့်ရှုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အေးသာယာစက်မှုဇုန် တာဝန်ခံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တောင်ကြီးမြို့ အေးသာယာ စက်မှုဇုန်ရှိ စက်ခုတ်စားစက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(စွမ်းအင်)

ဝန်တံတား(မြို့ကွင်း)ပန္နက်တော်တင်ရတနာပိုင်တိုင်စိုက်ထူ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်း တက်ရောက်

ရန်ကုန် မတ် ၆

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် မတ် ၄ ရက် နံနက်ပိုင်းတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်– ပုသိမ်လမ်း၊ ကြိမ်ပင်ဆည်–စကြော့–နေဖြူ–ဇလွန်–ဟင်္သာတလမ်းနှင့် ဟင်္သာတမြို့ကွင်း–ကွင်းကောက်လမ်းအတိုင်း လမ်းတစ်လျှောက် လမ်း/တံတားလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ခံ အင်ဂျင်နီယာများအား လိုအပ်သည်များ မှာကြားသည်။

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့သည် မတ်၅ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ဟင်္သာတမြို့နယ်ဝန်တံတား(မြို့ကွင်း)၏ပန္နက်တော်တင် ရတနာပိုင်တိုင် စိုက်ထူခြင်း မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြသည်။

မင်္ဂလာအချိန်တွင် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် အင်ဂျင်နီယာချုပ်(လမ်း) ဦးကျော်တင့်တို့က ပန္နက်တင်ပေးကြပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ရွှေမိုးငွေမိုးရွာသွန်း

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် အမှတ်(၄) ပန္နက်နေရာ၌ Stand Pipe ကို Vibro-hammer ဖြင့် စက်ခလုတ်နှိပ်၍ ရိုက်သွင်းပေးပြီး မင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုးရွာသွန်းပေးကြသည်။

ဝန်တံတား (မြို့ကွင်း) သည် ဟင်္သာတ–မြို့ကွင်း–ကွင်းကောက်လမ်းပေါ်၌ တည်ရှိပြီး သဖန်းချိုရွာနှင့် ချောက်ရွာတို့ကို ဝန်မြစ်အားဖြတ်၍ ဆက်သွယ်တည်ဆောက်ပေးမည့် တံတားဖြစ်သည်။ တံတားအမျိုးအစားမှာ ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မနှင့် သံကူကွန်ကရစ်ဘိုးပိုင်အမျိုးအစားဖြစ်သည်။

ပင်မတံတားအရှည် ပေ ၈၀၀၊ ဟင်္သာတဘက်ကမ်း ချဉ်းကပ်တံတား ပေ ၉၆၀၊ အင်္ဂပူဘက်ကမ်း ချဉ်းကပ်တံတား ပေ ၉၆၀ စုစုပေါင်း ပေ ၂၇၂၀ ရှည်မည့် တံတားဖြစ်သည်။ တံတားအကျယ် ၃၄ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေနှင့် လူသွားလမ်း တစ်ဖက် သုံးပေစီ ရှိမည်ဖြစ်သည်။ ရေလမ်းကင်းလွတ်အကျယ်မှာ ပေ ၈၀ နှင့် တံတားအောက်ရေလမ်း ကင်းလွတ် အမြင့်မှာ၂၅ပေဖြစ်ပြီး တံတားခံနိုင်ဝန်ယာဉ် တစ်စီးချင်း တန် ၆၀ ရှိမည့်တံတားဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်နှင့် တတိယအကြိမ် ဆရာအတတ်ပညာဒီပလိုမာအပ်နှင်းခြင်း အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံ့တာဝန်များ တိုးတက်ထမ်းဆောင်နိုင်ရေး အရည်အချင်းပြည့်ဝသည်ထက်ပြည့်ဝအောင်ကြိုးပမ်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားပြန့်ပွားရေး စည်းရုံးဦးဆောင်

ရန်ကုန် မတ် ၆

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်နှင့် တတိယအကြိမ် ဆရာအတတ်ပညာ ဒီပလိုမာအပ်နှင်းခြင်းအခမ်းအနားကို မတ် ၄ ရက် နံနက် ၉ နာရီတွင် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ တက္ကသိုလ်ကောင်စီဝင် ဝန်ထမ်းရွေးချယ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးကြီးဇော်မင်းသိန်း၊ ပြည်နယ်နှင့် တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒုတိယဗိုလ်မှူးကြီး ညီညီစံ၊ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး) ဒေါ်ခင်စီစီ၊ စစ်ကိုင်းတိုင်း တိုင်းအဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ စစ်ကိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးနိုင်၊ တက္ကသိုလ်ပညာရေးအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဒီပလိုမာအပ်နှင်း

အခမ်းအနားတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် တက္ကသိုလ်ကောင်စီ ဥက္ကဋ္ဌ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက မဟာပညာရေးဘွဲ့ရရှိသူ လေးဦးနှင့် ပညာရေးဘွဲ့ရရှိသူ ၁၄၆ ဦးတို့အား လည်းကောင်း၊ တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က ပညာရေးဘွဲ့ရရှိသူ ၁၅၇ ဦးအား လည်းကောင်း ဘွဲ့လက်မှတ်များ အပ်နှင်းသည်။ ဆက်လက်၍ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးကြီး ဇော်မင်းသိန်းက ဆရာအတတ်ပညာ ဒီပလိုမာရရှိသူ ၁၆၃ ဦးအား ဒီပလိုမာ အပ်နှင်းသည်။

တက်ကြွစွာပါဝင်ဆောင်ရွက်

ထို့နောက် တက္ကသိုလ်ကောင်စီ ဥက္ကဋ္ဌ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်ပိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားရာတွင် ဘွဲ့ရ မောင်မယ်တို့အား နိုင်ငံတော်အကျိုးကို စွမ်းစွမ်းတမံထမ်းဆောင်ပြီး အမိတက္ကသိုလ်၏ဂုဏ်ကို မြှင့်တင်နိုင်အောင် ကြိုးပမ်းအားထုတ်ကြရန် လိုကြောင်း၊ မောင်တို့ မယ်တို့သည် တက္ကသိုလ်က လေ့ကျင့်ပျိုးထောင်ထားသည့် ပညာရေးဝန်ထမ်းများ ဖြစ်သည်နှင့်အညီ နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ပညာရေးလုပ်ငန်းစဉ်များ အောင်မြင်အောင် ကြိုးပမ်းထမ်းဆောင်ရင်း နိုင်ငံ့တာဝန်များကို တိုးတက်ထမ်းဆောင်နိုင်ရေးအတွက် မိမိတို့၏ အရည်အချင်းကို ပြည့်ဝသည်ထက် ပြည့်ဝအောင် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်သကဲ့သို့ တာဝန်ထမ်းဆောင်ရာဒေသများတွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများ ထာဝစဉ် ထွန်းကားပြန့်ပွားရေးအတွက်လည်း စည်းရုံးဦးဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ခေတ်မီ ဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို နိုင်ငံတော်က ချမှတ် အကောင်အထည်ဖော်လျက်ရှိရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးအနေဖြင့် တက်တက်ကြွကြွ ပါဝင်ကြိုးပမ်းလျက်ရှိကြောင်း၊ မောင်တို့ မယ်တို့သည် အသင်းကြီး၏ အမာခံအသင်းဝင်များ ဖြစ်သည်နှင့်အညီ အသင်းကြီး၏ ဦးတည်ချက်နှင့် လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ကျရာကဏ္ဍမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို နံနက် ၁၁ နာရီခွဲတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် အလယ်တန်းဆရာအတတ်သင်တန်းအမှတ်စဉ်(၁၄)သင်တန်းဆင်းပွဲနှင့် ပညာရေးဘွဲ့လေးနှစ်သင်တန်း အမှတ်စဉ်(၃၆)ဘွဲ့ရများအား အလုပ်ခန့်အပ်လွှာပေးအပ်

ရန်ကုန် မတ် ၆

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် အလယ်တန်းဆရာအတတ်သင်တန်းအမှတ်စဉ်(၁၄) သင်တန်းဆင်းပွဲနှင့် ပညာရေးဘွဲ့လေးနှစ်သင်တန်း အမှတ်စဉ်(၃၆) ပညာရေးဘွဲ့ရများအား အလုပ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားကို မတ် ၄ ရက် မွန်းလွဲ ၁ နာရီတွင် တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးကြီးဇော်မင်းသိန်း၊ ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒုတိယဗိုလ်မှူးကြီး ညီညီစံ၊ ဒုတိယပါမောက္ခချုပ်(သင်ကြားရေး) ဒေါ်ခင်စီစီ၊ တက္ကသိုလ်ပညာရေး အဖွဲ့ ဝင်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ ကထိကများ၊ ဆရာ ဆရာမများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အလုပ်ခန့်အပ်လွှာပေးအပ်

ရှေးဦးစွာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(သင်ကြားရေး) ဒေါ်ခင်စီစီက အလယ်တန်းဆရာအတတ် သင်တန်းအမှတ်စဉ်(၁၄)နှင့် ပတ်သက်သော အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။ ဆက်လက်၍ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးကြီးဇော်မင်းသိန်းက အလယ်တန်းဆရာအတတ် သင်တန်းဆင်း သင်တန်းသား၊ သင်တန်းသူ ၃၉ ဦးတို့အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ ကိုယ်စားလှယ်များက ပညာရေးဘွဲ့လေးနှစ်သင်တန်း အမှတ်စဉ်(၃၆)ပညာရေးဘွဲ့ရ ၂၅၄ ဦးတို့အား အလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးကြီးဇော်မင်းသိန်းက အလယ်တန်းဆရာ အတတ်သင်တန်း အမှတ်စဉ် (၁၄) ထူးချွန်ဆုရသူများအား ဆုများချီးမြှင့်ကာ သင်တန်းဆင်း အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်း အိမ်မဲမြို့နယ် ခြောက်အိမ်တန်းကျေးရွာ ဇင်ပြွန်းကုန်းကျောင်း (၅၅)ကြိမ်မြောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ဗုဒ္ဓဝင်နှင့် မင်္ဂလာတရားတော် စာမေးပွဲအောင်မြင်သူများအား ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၃ ရက်ကပြုလုပ်ရာ တစ်ပြည်လုံး ဒုတိယဆင့် ပထမဆုရ မမေဇင်အေးမြင့်အား အသင်းအတွင်းရေးမှူး ဦးစိန်သန်းက ဆုချီးမြှင့်စဉ်။

(၃၅၂)

တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက် မြနန္ဒာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က ရပ်ကွက်ရုံးရှိ စာကြည့်တိုက်ရှေ့၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးနုတင်၊ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်သန်းနွဲ့နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမျိုးချစ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရေးရှေးရှု အလှူရှင်များ မွန်မြတ်သောစေတနာဖြင့် စာကြည့်တိုက်များကို စာအုပ်များလှူဒါန်း

ရန်ကုန် မတ် ၆

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ပဉ္စမအကြိမ် စာအုပ်၊ စာစောင်နှင့် ငွေပဒေသာပင်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်၍ အမှာစကားပြောကြားပြီး စေတနာရှင်များလှူဒါန်းသည့် စာအုပ်၊ စာစောင်နှင့် ငွေပဒေသာပင်များကို လက်ခံသည်။

အမှာစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် ပဉ္စမအကြိမ် စာအုပ်၊ စာစောင်နှင့် ငွေပဒေသာပင်လှူဒါန်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ရုံးအဖွဲ့မှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပုဂ္ဂလိက စာပေတိုက်များနှင့် စာပေဖြန့်ချိရေးလုပ်ငန်းတို့မှ အလှူရှင်များ၊ စာရေးဆရာ ဆရာမကြီးများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် ပဉ္စမအကြိမ် စာအုပ်၊ စာစောင်နှင့် ငွေပဒေသာပင်လှူဒါန်းပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းမိသားစုတို့ လှူဒါန်းသည့် သုတ ဂျာနယ်စုံ ၃၃၇အုပ်နှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းသည့် မဂ္ဂဇင်း၊ ဂျာနယ်စုံအုပ်ရေ ၅၀၀တို့ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဒုတိယခေါင်းဆောင် ဒေါ်မြမြက ပေးအပ်လှူဒါန်းရာ လက်ခံစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ကျေးလက်နေပြည်သူများ အသိပညာ ဗဟုသုတ တိုးပွားစေရန် ရှေးရှု၍ မွန်မြတ်သည့် စေတနာဖြင့် လာရောက်လှူဒါန်းကြသည့် အလှူရှင်များအားနိုင်ငံတစ်ဝန်းရှိ ကျေးလက်နေပြည်သူများနှင့် ပြန်ကြားရေးဝန်ကြီးဌာန၏ ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ အရာရာကို ပညာက လွှမ်းမိုးတော့မည်ဖြစ်ရာ နောင် အနာဂတ်ကာလတွင် ပညာနှင့် နည်းပညာများ ဖွံ့ဖြိုးမှုနိမ့်ကျပါက တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်မှုပါ နိမ့်ကျသွားမည် ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အစဉ် လေ့လာသင်ယူနေသည့် မြန်မာ့ လူ့ဘောင်အဖွဲ့အစည်း ဖြစ်အောင် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားထားပါကြောင်း။

အပြည့်အဝအကောင်အထည်ဖော်

မိမိတို့ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်တွင် လူဦးရေ အများစု နေထိုင်သော ကျေးလက်ဒေသနေ ပြည်သူများ ဗဟုသုတ အသိပညာ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စာဖတ်သည့် အလေ့အကျင့်ရရှိစေရန် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရေးကို စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် အဆင့်နှစ်ဆင့်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ပထမအဆင့်အနေဖြင့် ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးရှိ ကျေးရွာအုပ်စုကြီး ၁၃၇၄၈ ရွာတွင်လည်းကောင်း၊ ဒုတိယအဆင့်အနေဖြင့် ၂၀၀၅ –၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် ၎င်းကျေးရွာအုပ်စုဝင် ကျေးရွာအားလုံး လေးသောင်းကျော်တွင် စာကြည့်တိုက်များ အပြီးဖွင့်လှစ်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အားသုံးအားဖြစ်သော နိုင်ငံတော်အား၊ စေတနာရှင်အလှူရှင်အားနှင့် ပြည်သူလူထုအားတို့ဖြင့် ဆောင်ရွက်ပါက မကြာမီ မိမိတို့ရည်မှန်းချက်အတိုင်း အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

မိမိတို့ဝန်ကြီးဌာန ဦးဆောင်မှုဖြင့် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ထူထောင်ရေးအတွက် စာအုပ်စာပေနှင့် ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းပွဲများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်မြို့တွင် ပထမအကြိမ်မှ စတုတ္ထအကြိမ်အထိ စာအုပ်ပေါင်း ၃၅၆၀၈၂ အုပ် တန်ဖိုးငွေကျပ် သိန်း ၄၆၀ ကျော်နှင့် ငွေပဒေသာပင် ငွေကျပ် ၁၄၉၄၉၇၇၀တို့ကို ရရှိခဲ့ပြီး ပထမရည်မှန်းချက်ဖြစ်သော ကျေးရွာအုပ်စုကြီး တစ်သောင်းသုံးထောင်ကျော်အတွက် စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေး စာအုပ်များ ဖြန့်ဝေပေးနိုင်ခဲ့ပါကြောင်း၊ ယနေ့ ပဉ္စမအကြိမ် လှူဒါန်းသော စာအုပ်စာပေများနှင့် ငွေပဒေသာပင်များကိုလည်း ဒုတိယရည်မှန်းချက်ဖြစ်သော ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာအားလုံးတွင် စာကြည့်တိုက်များ ဖွင့်လှစ်ရေး၌ ထိထိရောက်ရောက် အသုံးပြုသွားမည်ဖြစ်ပါကြောင်း။

လှူဒါန်းခဲ့

ကျေးလက်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဆိုင်ရာ ဆောင်ရွက်မှုတစ်ခုအနေဖြင့် စစ်ကိုင်းတိုင်း မုံရွာမြို့တွင် စာအုပ်လှူဒါန်းပွဲနှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲတစ်ခု ကျင်းပခဲ့ရာ စာအုပ်ပေါင်း ၄၀၁၅၆အုပ် တန်ဖိုးငွေ ၄၃သိန်းကျော်နှင့် ငွေပဒေသာပင်အတွက် ငွေကျပ် ၅၄သိန်းကျော်နှင့် FEC ၅၀၀ တို့ကို လှူဒါန်းခဲ့ပါကြောင်း၊ အဆိုပါ လှူဒါန်းရရှိသည့် စာအုပ်နှင့် ငွေကြေးများကို စစ်ကိုင်းတိုင်းအတွင်းရှိ စာကြည့်တိုက် မဖွင့်ရသေးသောကျေးရွာများတွင် စာကြည့်တိုက်များ ထူထောင်ရာ၌သာ သုံးစွဲသွားရန်နှင့် ငွေပဒေသာပင်မှ ရရှိသော အတိုးအပွားဖြင့် စာအုပ်အသစ်များ ထပ်မံဝယ်ယူ၍ စာကြည့်တိုက်များသို့ ဖြည့်တင်းပေးသွားရန် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါကြောင်း။

နောက်နောင်တွင်လည်း ယခုကဲ့သို့ စာအုပ်စာပေများ အဆက်မပြတ် ထပ်မံလှူဒါန်းကြပါရန် တိုက်တွန်း မေတ္တာရပ်ခံအပ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များအတွက် စေတနာရှင်များက ပဉ္စမအကြိမ် စာအုပ်၊ စာစောင်နှင့် ငွေပဒေသာပင်များ ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဒုတိယခေါင်းဆောင်ဒေါ်မြမြက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းမိသားစုတို့ လှူဒါန်းသည့် သုတ ဂျာနယ်စုံ ၃၃၇အုပ်နှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းသည့် မဂ္ဂဇင်း၊ ဂျာနယ်စုံ အုပ်ရေ၅၀၀၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် နောင်ချိုမြို့နယ် ရွှေဝါမြေ စိုက်ပျိုးရေးလုပ်ငန်းစုမှ လှူဒါန်းသည့် ငွေကျပ် သိန်း ၃၀၊ ဦးသိန်းထွန်း(ထွန်းဖောင်ဒေးရှင်းဘဏ်) ဥက္ကဋ္ဌက ဥတုဘောဇနသင်္ဂဟကျမ်း စာအုပ်၁၀၀၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်နုနုရီက သင်၏စွမ်းရည် မိုးသို့မှီ စာအုပ်၁၀၀၊ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး ယဉ်ကျေးမှု သံမှူး ဦးဆွေချစ် (မစ္စတာဝမ်ရှိရှင်း) က သုတမဂ္ဂဇင်းစုံ ၄၁၇အုပ်နှင့် ဗွီစီဒီ တိပ်ခွေ ၃၇ခွေ၊ စမ်းချောင်းမြို့နယ်မှ ဦးခင်မောင်သန်းက မဂ္ဂဇင်း၊ ဂျာနယ်စုံ အုပ် ၃၆၂၀၊ ရန်ကင်းမြို့နယ်မှ ဦးအောင်လှက မဂ္ဂဇင်းမျိုးစုံ အုပ် ၂၇၆၀၊ ဦးအောင်နိုင်သူ (RAVE တေးဂီတအဖွဲ့)က မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ ၅၇၈၂ အုပ်၊ အလုံမြို့နယ်မှ ဦးအောင်စိုးခိုင်၊ ဒေါ်နွယ်နွယ်ဝင်းတို့က မဂ္ဂဇင်း၊ ဂျာနယ်စုံ ၇၈၅ အုပ်၊ ဗိုလ်မှူးမြသန်းစံ(ငြိမ်း) က အပွမာဒ စာစဉ် အုပ်ရေ ၃၀၀၊ ဒေါက်တာသာထွန်းဦး(တူဒေးစာအုပ်တိုက်)က သုတ၊ ရသမဂ္ဂဇင်းမျိုးစုံ အုပ်၃၇၈၀၊ ဦးစိုးမိုးသန်းက ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန် အုပ်၁၆၃၀၊ ဒေါ်မိမိခင်(မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ) ကိုယ်စား ဒေါ်မိုးသီတာက စာပဒေသာ အုပ် ၅၀၀၊ ကျောက်တံတားမြို့နယ်မှ ဦးမြင့်ထွန်း–ဒေါ်ခင်မာရွှေက ဝတ္ထုစာအုပ် ၁၁၁၅ အုပ်၊ ရန်ကင်းမြို့နယ်မှ ဗိုလ်မှူးသူရသန်းဦး–ဒေါ်ကြူတို့ ကိုယ်စား ဦးစည်သူသန်းဦးက သုတ၊ ရသလုံးချင်းအုပ် ၆၀၀၊ တာမွေမြို့နယ်မှ ဗိုလ်ကြီးလှရွှေ (ငြိမ်း၊ နတ်မောက်လှရွှေ)က သုတစာအုပ် ၂၅၀၊ သင်္ဃန်းကျွန်းမြို့နယ်မှ ဒေါ်စုစုချိုက မဂ္ဂဇင်းစာစောင် ၁၂၃၀၊ အင်းစိန်မြို့နယ်မှ ဒေါ်ကြည်ကြည်အေး (ကထိက၊ ငြိမ်း)က သုတမဂ္ဂဇင်းစာစောင်၊ ဝတ္ထုမျိုးစုံ ၄၇၃ အုပ်၊ Ta Fa Trading Co.,Ltd.ကိုယ်စား ဦးသန်းနိုင်က မဂ္ဂဇင်းမျိုးစုံ ၃၉၁အုပ်၊ မြန်မာ့မီးရထားရုံးချုပ်မှ ဒေါ်အေးအေးလှက သုတ၊ မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ အုပ်၉၉၀၊ ဦးတင်ထွဋ်(သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်)က မဂ္ဂဇင်းမျိုးစုံ ၃၁၅အုပ်၊ တာမွေမြို့နယ်မှ ဦးတင်မြင့်မောင်–ဒေါ်လှသိန်းတို့က မဂ္ဂဇင်း၊ စာစောင် ၂၉၁အုပ်၊ ပုဇွန်တောင်မြို့နယ်မှ ဦးရဲခေါင်ဗလက သုတ၊ မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ၂၄၉အုပ်နှင့် ဦးစိုင်းဖေဝင်း(အငြိမ်းစား၊ ဒုတိယရဲမှူးကြီး)က အင်္ဂလိပ်သုတ စာအုပ်မျိုးစုံ ၃၁အုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ဆက်လက်၍ ဦးသန်းနိုင် (မြတ်သူစံ၊ ဝါးခယ်မ)က ပူတူးတူး လေးဂျာနယ် အုပ် ၂၀၀၊ မရမ်းကုန်းမြို့နယ်မှ ဒေါ်ပိုးဇာသဲအောင်က ဂျာနယ်စုံ အုပ် ၃၀၀၊ ပုဇွန်တောင်မြို့နယ်မှ ဦးကြည်မင်းက သုတစာအုပ် ၁၀၀၊ ဖြိုးသာရ ကိုယ်စား မောင်နွယ်အောင် (ဒဂုံဆောင်)က သုတစာအုပ်၂၅၀၊ ကျောက်တံတားမြို့နယ်မှ ဦးချမ်းသာ–ဒေါ်ဥမ္မာမြင့်တို့က 'စတုတ္ထရွှေပြည်သို့' စာအုပ် ၅၀၀၊ တောင်ဥက္ကလာပမြို့နယ်မှ ဦးစောလှိုင် (မင်းလှငွေကြာရံ)က ငွေကျပ်၂၀၀၀၀၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှ ဦးကျော်သိန်းက ငွေကျပ်၂၀၀၀၀၊ မိုက်ကယ်ညွှန့်–ဒေါ်နန်းထွေးခမ်းညွှန့်တို့က မဂ္ဂဇင်းမျိုးစုံ ၁၆၅ အုပ်နှင့် ငွေကျပ်၁၀၀၀၀၊ ဦးရဲမြင့်ထွန်း (ဗဟန်း၊ ဆရာစံမြောက်အရှေ့)က စာအုပ်၊ မဂ္ဂဇင်းနှင့် ဂျာနယ်မျိုးစုံ ၂၈၆အုပ်နှင့် ငွေကျပ်၁၀၀၀၊ ပန်းဘဲတန်းမြို့နယ်မှ ဦးကျော်မိုးသိန်း ကိုယ်စား ဦးစံဝင်းက နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အုပ်၂၀၀၀၊ Tech Training Centre မှ ဦးမြင့်ဦးက ဝတ္ထုနှင့် ဂျာနယ်မျိုးစုံ ၁၃၉အုပ်နှင့် ငွေကျပ်၁၀၀၀၀၊ သာကေတမြို့နယ်မှ မင်းရိုးယဉ်က 'ရွှေတံငါနှင့် အခြားဝတ္ထုတိုများ'စာအုပ်၁၅အုပ်နှင့် ငွေကျပ် ၃၀၀၀၊ အထက(၁)ဒဂုံမှ ဦးမြင့်သိန်း (ဆင်ဖြူကျွန်း)က ငွေကျပ် ၅၀၀၀၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး စိုးဝင်းက ကြေးမုံသတင်းစာတိုက်မှ လှူဒါန်းသည့်မဂ္ဂဇင်းမျိုးစုံ အုပ် ၁၅၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြန်ကြားရေး ဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် ပဉ္စမအကြိမ် စာအုပ်၊ စာစောင်နှင့် ငွေပဒေသာပင် လှူဒါန်းပွဲအခမ်းအနားတွင် ငွေပဒေသာပင်အလှူရှင်၁၃ဦးတို့က ငွေကျပ် ၃၁၂၉၀၀၀နှင့် စာအုပ်အလှူရှင် ၄၈ဦး တို့က ငွေကျပ် ၁၂၅၅၇၅၇၅ တန်ဖိုးရှိစာအုပ် ၃၉၃၉၆ အုပ်တို့ပေးအပ်လှူဒါန်းကြပြီးစုစုပေါင်း တန်ဖိုးမှာ ငွေ၁၅၆၈၆၅၇၅ကျပ် တန်ဖိုးရှိကြောင်းသိရသည်။ **(သတင်းစဉ်)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် မတ်လ ၁ ရက်နေ့အထိ နိုင်ငံအဝန်းတွင်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၃၃၇၅)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

တောင်ဥက္ကလာပမြို့နယ် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ်၂ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီးဦးမျိုးခင်က တတိယတန်းမှ လေးနှစ်ဆက်တိုက် ပထမဆုရရှိသော မကျော်ကလျာနှင်းပြည့်အား ဆုချီးမြှင့်စဉ်။ (၁၉၂)

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကပြဋ္ဌာန်းသည့် ဥပဒေတစ်ရပ်ရပ်အရကျခံရမည့်အခြားအသုံးစရိတ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တွင်ဆွေးနွေးပိုင်ခွင့်ရှိသည်၊ သို့သော် ငြင်းပယ်ခြင်း၊ လျှော့ချခွင့်ပြုခြင်းမပြုရ

● ကျော်ဖုံးမှ

ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့ကို အတည်ပြုပေးနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့တင်ပြလာသည်ကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးအကြံပြုပိုင်ခွင့်သာရှိပြီး ငြင်းပယ်ခြင်း၊ လျှော့ချခွင့်ပြုခြင်း မပြုရဟူ၍ရေးသားဖော်ပြထားပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်သည် အချုပ်အခြာအာဏာပိုင် အမြင့်ဆုံးအဖွဲ့အစည်းဖြစ်၍ ယင်းကဲ့သို့သောအဖွဲ့အစည်းအားအထက်ပါစကားလုံးများကို ထည့်သွင်းသုံးနှုန်းခြင်းမှာ မသင့်လျော်ဟု ယူဆကြောင်းနှင့်အလားတူ အပိုဒ်(၃၂)၌ ဖော်ပြထားသည့် အပိုဒ်ခွဲ(၁)(၂)(၃)(၄)(၅)တို့တွင် ဖော်ပြထားသည့် အသုံးစရိတ်များ ဆက်နွှယ်သော ကုန်ကျစရိတ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်အပေါ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့က ဆွေးနွေးပိုင်ခွင့်ရှိပြီး ငြင်းပယ်ခြင်း၊လျှော့၍ခွင့်ပြုခြင်း မပြုရဆိုသော စကားလုံးအသုံးအနှုန်းမျိုးကိုလည်း ထည့်သွင်းရေးသားရန် မသင့်လျော်ဟု ယူဆသဘောရရှိကြောင်း” အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

ယင်းအကြံပြုချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရမည်ဆိုလျှင် အပိုဒ်(၈)၊ အပိုဒ်ခွဲ(၁)(၂)(၃)နှင့်(၄)တို့တွင် ဖော်ပြထားသည့် အသုံးစရိတ်များသည် ပြည်ထောင်စု၏အသုံးစရိတ်တွင် မသုံးမဖြစ်အမှန်ကုန်ကျရမည့် ကိစ္စရပ်များအတွက်ဖြစ်ပြီး သတ်မှတ်ထားသည့် အချိန်ကာလအတွင်းကျခံရမည့် အသုံးစရိတ်မျိုးဖြစ်ပါကြောင်း၊ ယင်းသို့နိုင်ငံတော်က မလွှဲမသွေသုံးစွဲရမည့် အသုံးစရိတ်များကို ငြင်းပယ်ခြင်း၊လျှော့ချ၍ခွင့်ပြုခြင်း မပြုသင့်သည်အတွက် ယခုကဲ့သို့ အဓိပ္ပာယ်တိတိကျကျ ပေါ်လွင်အောင် သုံးနှုန်းထားခြင်းဖြစ်ပါကြောင်း ပြောကြားအပ်ပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က–

“အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုနှင့်စပ်လျဉ်းပြီး ရှင်းလင်းခဲ့ရာတွင် ပြည်ထောင်စုနှင့်တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့်ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းတို့အတွက် ချမှတ်သင့်သည့်အသေးစိတ်အခြေခံရမည့်မူများကို ရှင်းလင်းသွားခဲ့ပါကြောင်း၊ ယင်းသို့ရှင်းလင်းရာတွင် မြန်မာမင်းအုပ်ချုပ်ပုံနှင့် ဘိုးတော်ဘုရား၏ ရာဇသတ်ခေါ်အမိန့်တော်ကြီး၌ သဿမေဓအခွန်တော်အကြောင်းပါရှိပါကြောင်း၊ ဤနေရာတွင် အခွန်နှင့်စပ်လျဉ်းပြီး မိမိတို့ အကြံပြုတင်ပြလိုသည်မှာ ပြည်ထောင်စုအတွက် အခွန်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအတွက် အခွန်ဖြစ်စေသတ်မှတ်ပြီးလျှင် ပြည်သူများအတွက် အေးချမ်းသာယာရေး၊ ပညာရေး၊ကျန်းမာရေး၊စီးပွားရေးနှင့် လူမှုရေးအဆောက်အအုံ (Infrastructure)များကို တည်ဆောက်ပေးနိုင်မှာဖြစ်ပါကြောင်း၊ ထို့ကြောင့် သဘာဝကျမျှတသည့် အခွန်နှုန်းထားများသတ်မှတ်ရာတွင် နှစ်စဉ်လျာထားသတ်မှတ်သည့် အခွန်ကိုပြည့်မီအောင်ကောက်ခံရရှိရေး ဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

လေ့လာရသရွေ့တင်ပြရလျှင် မြန်မာနိုင်ငံ၏ အခွန်ကောက်ခံရရှိမှုမှရသည့်ဝင်ငွေသည် အလွန်နည်းပါးနေသေးကြောင်းတွေ့ရှိရပါကြောင်း၊ ထို့ကြောင့်ယခုကဲ့သို့ မိမိတို့ ဘက်စုံခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ပေးနေသည့်အစိုးရလက်ထက်တွင် ပြည်သူများဝန်ထုပ်ဝန်ပိုးမဖြစ်အောင် သတ်မှတ်ထားသည့်ဝင်ငွေခွန်၊ကုန်သွယ်ခွန်၊ အမြတ်ခွန်အစရှိသည့် အခွန်များကို ပြည်သူများက တာဝန်ကျေပွန်စွာ အပြည့်အဝပေးဆောင်ဖို့သင့်ပါကြောင်း၊ ယင်းအလေ့အကျင့်သည် ဒီမိုကရေစီနိုင်ငံသားကောင်းများ၏ အလေ့အကျင့်ဖြစ်ပါကြောင်း၊ ယင်းကောင်းမွန်သည့်အလေ့အကျင့်ကို နောင်ဖြစ်လာမည့် ဒီမိုကရေစီနိုင်ငံတော်သစ်တွင် ဆက်လက်အောင်မြင်စေရန် စည်းရုံးပညာပေးမှုများကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

ယင်းအကြံပြုချက်သည် အပြုသဘောဆောင်ပြီး နိုင်ငံတော်အတွက် အကျိုးရှိစေမည့် အကြံပြုချက်ဖြစ်၍ နောင်လည်းဆက်လက်ကျင့်သုံးသွားနိုင်အောင် မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း ပြောကြားအပ်ပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့က–

“ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ အခွန်တော်ကောက်ခံခြင်းနှင့်ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပိုင်းနှင့် ပတ်သက်၍ ဖြည့်စွက်အကြံပြုလိုပါကြောင်း၊ ယင်းမှာ နိုင်ငံတော်၏ အသုံးစရိတ်များအတွက် လိုအပ်သည့် ဘဏ္ဍာငွေကိုရှာဖွေသည့်နေရာတွင် ပြည်သူများကလည်း ဥပဒေနှင့်အညီ ထမ်းဆောင်သင့်သည့် အခွန်တော်များကို တိကျမှန်ကန်ပြည့်စုံစွာ ထမ်းဆောင်ကြရန် တာဝန်ရှိသကဲ့သို့ ပြည်သူများအနေဖြင့် အမှန်တကယ် ထမ်းဆောင်သင့်သည့် အခွန်တော်များထက်ပို၍ ထမ်းဆောင်ကြရသည်များလည်း ရှိနေပါကြောင်း။

အခွန်တော်ကောက်ခံခြင်းအကြောင်းနှင့် စပ်လျဉ်းပြီး မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းတွင်ပါရှိသော နိုင်ငံတော်အတွက် စပါးဆန်ရေ၊ ငွေကြေးပေးကမ်းသင့်သည့်အတိုင်း တောင်းခံယူငင်ခြင်းသည် သဿမေဓမည်၏ ဆိုသည့်အပိုင်းကို ထောက်ခံပါကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူများ မနစ်နာရအောင် အကျင့်ပျက်ဝန်ထမ်းတို့ကို ဖော်ထုတ်၍ ထိရောက်စွာအရေးယူသင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း”ဖြင့် ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

ယင်းအကြံပြုချက်သည် ကောင်းမွန်ပါကြောင်း၊ လက်ရှိလည်းနိုင်ငံတော်နှင့်ပြည်သူများမနစ်နာရအောင် ထိထိရောက်ရောက် ဆောင်ရွက်နေသကဲ့သို့ နောင်လည်းဆောင်ရွက်သွားနိုင်အောင် မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း ပြောကြားအပ်ပါကြောင်း။

ယင်းကိုယ်စားလှယ်အစုအဖွဲ့ကပင်–

“အမျိုးသားညီလာခံကြီးက နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအား ခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်ထားသည့် ဥပဒေပြုအာဏာကို ခွဲဝေအပ်နှင်းသည်ဟု အခြေခံမူတစ်ရပ်ချမှတ်ထားခဲ့ပြီး ဖြစ်ပါကြောင်း၊ ပိုမိုပြည့်စုံအောင် ဥပဒေပြဋ္ဌာန်းချက်တစ်ခုကိုရေးဆွဲရန်ဆိုလျှင် ပြည်ထောင်စုလွှတ်တော်၏ ကိုယ်စားလှယ်ရာခိုင်နှုန်းမည်မျှက အဆိုပြုလာလျှင် သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်၏ လွှတ်တော်ကိုယ်စားလှယ် ရာခိုင်နှုန်းမည်မျှက အဆိုပြုလာလျှင် ရေးဆွဲရမည်ဖြစ်သည်ဟု လွှတ်တော်ကိုယ်စားလှယ်ရာခိုင်နှုန်း အတိအကျထည့်သင့်ပါကြောင်း။

ထို့ပြင် ရေးဆွဲပြီးသား ဥပဒေတစ်ရပ်ရပ်ကို ပြည်ထောင်စုလွှတ်တော်၏ ကိုယ်စားလှယ်ရာခိုင်နှုန်းမည်မျှက ထောက်ခံလျှင် သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်၏ လွှတ်တော်ကိုယ်စားလှယ် ရာခိုင်နှုန်းမည်မျှက ထောက်ခံလျှင် အတည်ဖြစ်သည်ဟု ဥပဒေတစ်ခုရေးဆွဲပြဋ္ဌာန်းအတည်ပြုရန် လိုအပ်သည့် လွှတ်တော်ကိုယ်စားလှယ် မည်ရွေ့မည်မျှရှိသင့်သည်ကို ထည့်သွင်းစဉ်းစားသင့်သည်ဟု ဖြည့်စွက်အကြံပြုတင်ပြအပ်ပါကြောင်း၊”ဖြင့် အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

အဆိုပါ အကြံပြုချက်သည်လည်း ကောင်းမွန်ပါကြောင်း၊ ယင်းကိစ္စရပ်သည် လွှတ်တော်များတွင် ဥပဒေကြမ်းများတင်သွင်းခြင်း၊ လွှတ်တော်တစ်ရပ်နှင့်တစ်ရပ် ဆက်သွယ်မှုအပိုင်းများနှင့် စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မူများ ဆွေးနွေးရမည့်ကဏ္ဍနှင့်သာ သက်ဆိုင်သဖြင့် အဆိုပါကဏ္ဍရောက်လျှင် ဆွေးနွေးတင်ပြနိုင်ပါကြောင်း ပြောကြားအပ်ပါကြောင်း။

ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်းအပါအဝင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့်ဘဏ္ဍာငွေခွဲဝေ သုံးစွဲခြင်းကိစ္စရပ်များကို ရှင်းလင်းတင်ပြစဉ်က ပြည်ထောင်စုနှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တို့အကြား ဘဏ္ဍာရေးဆိုင်ရာ အခွင့်အာဏာများ ခွဲဝေရာတွင် နိုင်ငံတော်တစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်နိုင်စေရေးအတွက် သင့်တင့်မျှတစွာ ခွဲဝေဆောင်ရွက်ပေးသည့် နည်းလမ်းကို ကျင့်သုံးရန်လိုအပ်ကြောင်းနှင့် ပြည်ထောင်စုက နိုင်ငံတော်အတွက် လိုအပ်သည့်အခြေခံအဆောက်အအုံများ တည်ဆောက်နိုင်ရန်နှင့် ပြည်ထောင်စုတစ်ခုလုံး စနစ်တကျတိုးတက်ဖွံ့ဖြိုးရေး၊ ပြည်သူတစ်ရပ်လုံး၏ စားဝတ်နေရေး အဆင့်အတန်းမြင့်မားလာစေရေး အတွက် ဆောင်ရွက်ပေးရန် လုံလောက်သည့်ဘဏ္ဍာငွေများရရှိနိုင်ရန် သင့်တင့်လျောက်ပတ်သည့် ဘဏ္ဍာရေးဆိုင်ရာ အခွင့်အာဏာများကိုလည်း ပြည်ထောင်စုသို့ အပ်နှင်းထားရှိရန် လိုအပ်မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့သည်ကို သိရှိကြပြီးဖြစ်ပါကြောင်း။

အထက်ဖော်ပြပါ အချက်များအပေါ် အခြေခံပြီး အခွန်တော်စာရင်းများကို သင့်တင့်မျှတစွာ ခွဲဝေအပ်နှင်းထားခြင်းဖြစ်ပါကြောင်း၊ ပြည်ထောင်စုကြီးထဲတွင် သဘာဝသယံဇာတပေါကြွယ်ဝသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိသကဲ့သို့ သဘာဝသယံဇာတနည်းပါးသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များလည်းရှိပါကြောင်း၊ ပြည်ထောင်စုကြီးတစ်ဝန်းလုံးက ထွက်ရှိလာသည့် သဘာဝသယံဇာတများကို ပြည်ထောင်စုက စီမံခန့်ခွဲပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အားလုံးအတွက် မျှတစွာ ခွဲဝေသုံးစွဲဆောင်ရွက်ပေးခြင်းအားဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအားလုံးအချိုးညီစွာ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ သို့မှလည်း ပြည်ထောင်စုကြီးတစ်ခုလုံးဖွံ့ဖြိုးစည်ပင်ပြီး အခွန့်ရှည်ကြာ ရပ်တည်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုတင်ပြထားသည့် အခွန်တော်စာရင်းတွင် ဖော်ပြချက်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုတည်းအတွက်သာ ရည်ရွယ်ခြင်းမျိုးမဟုတ်ဘဲ ပြည်ထောင်စုကြီးတစ်ခုလုံး ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုက ကောက်ခံရရှိသည့် အခွန်အခများ၊ ရငွေများသည် ပြည်ထောင်စုကြီးအတွင်း ပါဝင်နေသည့် ပြည်ထောင်စုအဖွဲ့ဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအားလုံးအတွက် ရန်ပုံငွေများခွဲဝေချထားခြင်း၊ ထောက်ပံ့ခြင်း၊ ချေးငှားခြင်းများပြုလုပ်ကာ ပြည်ထောင်စုကြီးတစ်ခုလုံးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားအပ်ပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က–

“လွှတ်တော်များက ချမှတ်လိုက်သည့် ဥပဒေအရပ်ရပ်သည် မှန်ကန်မှုရှိရန်နှင့် တိကျစွာ အကောင်အထည်ဖော်နိုင်ရန် အထူးလိုအပ်သည့်အတွက် လွှတ်တော်အဆင့်ဆင့်က ချမှတ်ပြဋ္ဌာန်းလိုက်သည့် ဥပဒေများ ထိရောက်မှန်ကန်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် စိစစ်ဖော်ထုတ်သည့် အချိန်ပြည့်ကော်မတီတစ်ရပ် အခိုင်အမာထားရှိရန်အတွက် ဥပဒေတစ်ရပ်ပြုသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း၊” ဖြင့် အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

ယင်းအကြံပြုချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရလျှင် ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှု အပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်စဉ်က လွှတ်တော်များ၏ ဖွဲ့စည်းပုံအပိုင်းတွင် ကော်မတီများ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ခဲ့ပြီး ဖြစ်ပါကြောင်း။ ထို့ကြောင့် သီးခြားဥပဒေတစ်ရပ် ပြဋ္ဌာန်းဆောင်ရွက်ရန် လိုအပ်မည်မဟုတ်ပါကြောင်း ပြောကြားလိုပါကြောင်း။

ယင်းကိုယ်စားလှယ်အစုအဖွဲ့ကပင်–

“နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ခန့်အပ်ရာတွင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်လွှတ်တော် ကိုယ်စားလှယ်များက ရွေးချယ်ပြီး အမည်စာရင်းတင်သွင်းသောသက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှ ရွေးကောက်ပွဲတွင် ရွေးချယ်ခံရသည့် ကိုယ်စားလှယ်ကို ဦးစားပေး၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ပေးနိုင်ရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် မူတစ်ခုအဖြစ်ထည့်သွင်းချမှတ်နိုင်ရန် အကြံပြုတင်ပြအပ်ပါကြောင်း”ဖြင့်အကြံပြုတင်ပြသွားသည်ကို တွေ့ရပါကြောင်း။

ယင်းအကြံပြုချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရမည်ဆိုလျှင် အကြံပြုချက်သည် အမျိုးသားညီလာခံတွင် ယခုဆွေးနွေးနေသည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် သက်ဆိုင်ခြင်းမရှိဘဲ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ပြီးဖြစ်သည့် အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းနှင့်သာသက်ဆိုင်ကြောင်း သုံးသပ်ရရှိပါကြောင်း၊ ယခုတင်ပြချက်များကို မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း ပြောကြားအပ်ပါကြောင်း။

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့က ယင်းတို့ပါတီ၏သဘောထားအတိုင်း တင်ပြသွားကြပါကြောင်း။

ယင်းအစုအဖွဲ့တွင် ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များကလည်း လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြခဲ့သည့်အချက်များကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း ယင်းတို့၏ ဆန္ဒသဘောထားများကို သီးခြားစီတင်ပြသွားကြသည်ကို တွေ့ရှိရပါကြောင်း။

ထို့ကြောင့် ညီလာခံကိုယ်စားလှယ်အများအပြား၏ အကြံပြုချက်များနှင့်အညီ–

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းတို့နှင့်စပ်လျဉ်းပြီး–

“(က) ပြည်ထောင်စုဝန်ကြီးဌာနများ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများကို နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ဒုတိယသမ္မတတစ်ဦးက ဦးဆောင်စိစစ်၍ ပြည်ထောင်စုဝန်ကြီးဌာနများ အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ အရအသုံး ငွေစာရင်းလျာထားချက်ကို ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံးငွေစာရင်းများကို နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ကျန်ဒုတိယသမ္မတတစ်ဦးက ဦးဆောင်စိစစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံး ငွေစာရင်းလျာထားချက်ကို ဘဏ္ဍာရေးကော်မရှင်သို့တင်ပြရမည်။

(ဂ) ပြည်ထောင်စုနယ်မြေ အသုံးစရိတ်များပါရှိသော ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်လျော်သလို ဖြည့်ဆည်းပေးခြင်း၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ ချေးငွေများခွင့်ပြုခြင်း အပါအဝင် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်း သို့မဟုတ် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ထောက်ခံတင်ပြနိုင်ရေးအတွက်လည်းကောင်း၊ ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်သင့်သည့် ကိစ္စများကို အကြံပြုနိုင်ရေးအတွက်လည်းကောင်း၊ ခိုင်မာသော ဘဏ္ဍာရေးစနစ်ဖြစ်ပေါ်စေရေးအတွက် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ တာဝန်ပေးအပ်သည့် ကိစ္စရပ်များကိုလည်းကောင်း ဆောင်ရွက်နိုင်ရေးအတွက် ဘဏ္ဍာရေးကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်–

(၁) နိုင်ငံတော်သမ္မတ – ဥက္ကဋ္ဌ
(၂) ဒုတိယသမ္မတများ – ဒုတိယဥက္ကဋ္ဌများ
(၃) ပြည်ထောင်စုရှေ့နေချုပ် – အဖွဲ့ဝင်
(၄) ပြည်ထောင်စုစာရင်းစစ်ချုပ် – အဖွဲ့ဝင်
(၅) တိုင်းဒေသကြီး ဝန်ကြီးချုပ်များ – အဖွဲ့ဝင်များ နှင့် ပြည်နယ်ဝန်ကြီးချုပ်များ
(၆) ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ – အဖွဲ့ဝင်
(၇) ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီး – အတွင်းရေးမှူး

(ဃ) (၁) ဘဏ္ဍာရေးကော်မရှင်ကို ဖွဲ့စည်းသည့်အခါ အဖွဲ့ဝင်အဖြစ် ထမ်းဆောင်ရမည့်ရာထူးနေရာတွင် အကြောင်းတစ်စုံတစ်ရာကြောင့် တာဝန်ပေးအပ်ခြင်း ခံရသူမရှိသေးပါက နိုင်ငံတော်သမ္မတသည် သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးအား ယာယီအဖွဲ့ဝင်အဖြစ်တာဝန်ပေးအပ်နိုင်သည်။

(၂) ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်းကို နိုင်ငံတော်သမ္မတက ထုတ်ပြန် ကြေညာရမည်။ ထို့ပြင် ဘဏ္ဍာရေးကော်မရှင်အတွက် လိုအပ်သောအမိန့်၊ ညွှန်ကြားချက်စသည်များကိုလည်း နိုင်ငံတော်သမ္မတက သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ထုတ်ပြန်ကြေညာနိုင်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

စာမျက်နှာ ၁၀ မှ

(င) ဘဏ္ဍာရေးကော်မရှင်သည် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအား ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ လိုအပ်မည့် ချေးငွေများ ထုတ်ချေးခြင်း တို့ပါဝင်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စု လွှတ်တော်သို့ **တင်ပြနိုင်ရေးအတွက် နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြရမည်။**

(စ) ဘဏ္ဍာရေးကော်မရှင်သည် လိုအပ်ပါက ဘဏ္ဍာရေးကျွမ်းကျင်သူများ၏ အကြံဉာဏ်များကိုရယူနိုင်သည်။

(ဆ) ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား နိုင်ငံတော်သမ္မတ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်သည် ပြည်ထောင်စု၏ **ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စု** လွှတ်တော်သို့ တင်ပြရမည်။

(ဇ) ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် ပါရှိသော–

(၁) နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော **ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ အကြီးအကဲများနှင့်** အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊

(၂) ပြည်ထောင်စုက ပေးဆပ်ရန် တာဝန်ရှိသော ကြွေးမြီများ၊ ယင်းကြွေးမြီများနှင့် ဆက်နွယ်သော ကုန်ကျစရိတ်များ၊ **ပြည်ထောင်စုက ချေးယူငွေများနှင့် ဆက်နွယ်သော အခြား** ကုန်ကျစရိတ်များ၊

(၃) တရားရုံး သို့မဟုတ် ခုံရုံးတစ်ခုခု၏ စီရင်ချက်၊ အမိန့်၊ ဒီကရီအရ ပေးဆောင်ရန်ရှိသော အသုံးစရိတ်များ၊

(၄) တည်ဆဲဥပဒေတစ်ရပ်အရဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ စာချုပ်တစ်ခုခုအရဖြစ်စေ ကျခံရမည့် အခြားအသုံးစရိတ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးပိုင်ခွင့်ရှိသည်၊ သို့သော် ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းမပြုရ။

(ဈ) **အထက်အပိုဒ်(ဇ)ပါ အသုံးစရိတ်များမှအပ အခြားအသုံးစရိတ်များ** အတွက်ကိုမူ ပြည်ထောင်စုလွှတ်တော်က သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်။

(ည) **ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ** အရအသုံးဆိုင်ရာ ဥပဒေပါအတိုင်း ပြည်ထောင်စု အစိုးရအဖွဲ့က လိုအပ်သလိုဆောင်ရွက်ရမည်။

(ဋ) ပြည်ထောင်စုလွှတ်တော်က သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ပြဋ္ဌာန်းထားသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ **လျာထားသော ရငွေများနှင့် ခွင့်ပြုထားသော သုံးငွေများအပြင် နောက်ထပ်ရငွေများ လျာထားရန်နှင့် သုံးငွေများခွင့်ပြုရန်လိုအပ်သည့်** အခါ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကို အထက်ပါ **နည်းလမ်းများအတိုင်း ပြဋ္ဌာန်းဆောင်ရွက်ရမည်။**

(ဌ) ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းသည့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေ **သုံးစွဲရေး ဥပဒေပါအတိုင်း ပြည်ထောင်စုအစိုးရအဖွဲ့က လိုအပ်** သလို ဆောင်ရွက်ရမည်။

(ဍ) ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ သို့မဟုတ် **နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေအရ တိုင်းဒေသကြီး** သို့မဟုတ် ပြည်နယ်အလိုက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှရရှိသည့် ဘဏ္ဍာငွေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံး ခန့်မှန်းခြေငွေစာရင်းကို သက်ဆိုင်ရာ ဝန်ကြီးချုပ်၏ **ထောက်ခံ တင်ပြချက်အပေါ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ်** ပြည်နယ်လွှတ်တော်က လိုအပ်သလိုဆွေးနွေး၍ သဘောတူ အတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်း တို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်။

ယင်းသို့ဆောင်ရွက်ရာတွင် –

(၁) **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများ၏** အကြီးအကဲများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် **ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊**

(၂) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့ အကြီးအကဲများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊

(၃) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ပေးဆပ်ရန် တာဝန်** ရှိသော ကြွေးမြီများ၊ ယင်းကြွေးမြီများနှင့် ဆက်နွယ်သော ကုန်ကျစရိတ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ချေးယူငွေများနှင့် ဆက်နွယ်သော ကုန်ကျစရိတ်များ၊

(၄) တရားရုံး သို့မဟုတ် ခုံရုံးတစ်ခုခု၏ စီရင်ချက်၊ အမိန့်၊ ဒီကရီ **အရ ပေးဆောင်ရန်ရှိသော အသုံးစရိတ်များ၊**

(၅) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေတစ်ရပ်ရပ်အရ ကျခံရမည့် အခြားအသုံးစရိတ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် ဆွေးနွေးပိုင်ခွင့် ရှိသည်၊ သို့သော် ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းမပြုရ၊

(ဎ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဥပဒေနှင့်အညီ ထောက်ခံ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည့် အခွန်အခများမှာ အောက်ပါအတိုင်းဖြစ်သည်–

(၁) မြေယာခွန်၊

(၂) ယစ်မျိုးခွန်၊

(၃) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် ဆည်များ၊ တာတမံများကို အရင်းခံသည့် ရေခွန်၊ တာတမံခွန်နှင့် ထိုဆည်များ၊ တာတမံများ၏ ရေအားဖြင့် ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အား သုံးစွဲခ၊**

(၄) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် လမ်းများ၊ တံတားများဖြတ်သန်းခ၊**

(၅) (ကက) **ရေချိုငါးလုပ်ငန်းအပေါ်တွင် စည်းကြပ်ကောက်ခံသည့် ဘဏ္ဍာတော်ကြေး** (Royalty)၊

(ခခ) **သတ်မှတ်ထားသော အကွာအဝေးအတွင်း ပင်လယ်ငါးဖမ်းလုပ်ငန်းအပေါ်တွင် စည်းကြပ်ကောက်ခံသည့် ဘဏ္ဍာတော်ကြေး**(Royalty)၊

(၆) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်း၊ ရေလမ်းသုံး ယာဉ်များဆိုင်ရာ ဥပဒေအရစည်းကြပ်သောအခွန်၊**

(၇) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပိုင်ပစ္စည်းများ ရောင်းရငွေနှင့် ငှားရမ်းခများ၊ ယင်းပစ္စည်းများမှရရှိသော အခြား အကျိုး အမြတ်များ၊**

(၈) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဝန်ဆောင်မှု လုပ်ငန်းများအတွက် သတ်မှတ်ကောက်ခံသည့် အခကြေးငွေများ၊ အခွန်အခများနှင့် အခြားရငွေများ၊**

(၉) **တိုင်းဒေသကြီး တရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရား လွှတ်တော်အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်းရှိ တရားရုံးများက ချမှတ်သည့်ဒဏ်ငွေများ၊ ဝန်ဆောင်မှု အတွက် ကောက်ခံသည့် အခွန်အခများနှင့် အခြားရငွေများ၊**

(၁၀) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေများ ထုတ်ချေးသဖြင့် ရရှိသောအတိုးများ၊**

(၁၁) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ရရှိသည့် အကျိုးအမြတ်များ၊**

(၁၂) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ သစ်တောများမှ အောက်ပါပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်အခများ–**

(ကက) **ကျွန်းနှင့် သတ်မှတ်သော သစ်မာများမှအပ ကျန် သစ်များအပေါ်တွင် ကောက်ခံသည့်အခွန်၊**

(ခခ) **ထင်း၊ မီးသွေး၊ ကြိမ်၊ ဝါး၊ ငှက်သိုက်၊ ရှားစေး၊ သနပ်ခါး၊ ထင်းရှူးဆီ၊ သစ်မွှေး၊ ပျားထွက်ပစ္စည်း များအပေါ် ကောက်ခံသည့်အခွန်၊**

(၁၃) **မှတ်ပုံတင်ကြေး၊**

(၁၄) **ပွဲခွန်၊**

(၁၅) **ဆားခွန်၊**

(၁၆) **ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ရရှိသည့်ဘဏ္ဍာငွေများ၊**

(၁၇) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ စည်ပင် သာယာရေးဆိုင်ရာ အဖွဲ့အစည်းများ၏ထည့်ဝင်ငွေများ၊**

(၁၈) **ပိုင်ရှင်မပေါ်သော သွင်းထားငွေများနှင့်ပစ္စည်းများ၊**

(၁၉) **ရတနာသိုက်(Treasure Trove)၊**

(ဏ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများကို ဥပဒေနှင့်အညီ သုံးစွဲခွင့်ရှိသည်။**

(တ) **ပြည်ထောင်စုသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံခွင့်ရှိသော အခွန်အခများမှအပ အခြားအခွန်အခများကို ဥပဒေနှင့်အညီကောက်ခံ၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း ရမည်။**

(ထ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရန်သတ်မှတ်ထားသည့်ရငွေများနှင့် အခွန်အခအမျိုးအစားများကို ပြည်ထောင်စု နယ်မြေများအတွက် ကောက်ခံရန်ရှိပါက ပြည်ထောင်စုက ဥပဒေနှင့် အညီ ကောက်ခံပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။**

(ဒ) **ပြည်ထောင်စုသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကို ဥပဒေနှင့်အညီ သုံးစွဲခွင့်ရှိသည်”**

ဟု အသေးစိတ်အခြေခံရမည့်မူများ ချမှတ်လိုက်ပါကြောင်းဖြင့် ဖတ်ကြား တင်ပြသွားသည်။ **(သတင်းစဉ်)**



လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းရှိ ရေပိုလွှဲတည်ဆောက်ရေး လုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (လျှပ်စစ်စွမ်းအား)

လျှပ်စစ်စွမ်းအားဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းစစ်ဆေး လုပ်ငန်းများသတ်မှတ်ချိန်အတွင်းပြီးစီးရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးမှာကြား

ရန်ကုန် မတ် ၆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် ရေအားလျှပ်စစ်ဦးစီးဌာနနှင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းတို့မှ တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၄ရက်က မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်ရှိ ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံသို့ ရောက်ရှိခဲ့ပြီး စက်ရုံအဝင် ဥမင်လိုဏ်အချောထည် ဆောင်ရွက်နေမှု၊ အမှတ်(၁)စက်တပ်ဆင်ပြီးစီးနေမှု၊ အမှတ်(၃)စက်မှ ဓာတ်အားထုတ်လွှင့်နေမှု၊ ပင်မထိန်းချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ချိန်အတွင်း လုပ်ငန်းများအချိန်မီပြီးစီးရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကိုမှာကြားပြီး ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ရှင်းလင်းခန်းမသို့ ရောက်ရှိခဲ့ပြီး ညွှန်ကြားရေးမှူးဦးဇစ်တာမှ ရေလှောင်တမံ၏ လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြခဲ့ရာ ဝန်ကြီးက လုပ်ငန်းများအား စနစ်တကျဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး၊ ဌာနအချင်းချင်း ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

မတ် ၅ ရက်တွင် ဝန်ကြီးသည် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းသွား လမ်းပေါ်ရှိ နန်ချိုချောင်းကူးတံတား တည်ဆောက်မည့် နေရာသို့ ရောက်ရှိပြီး တာဝန်ရှိသူများမှ အရှည်ပေ ၆၀ ရှိ တံတား တည်ဆောက်ရန် ဆောင်ရွက်နေမှု အခြေအနေအား ရှင်းလင်းတင်ပြရာ ဝန်ကြီးက လေးလံသော ပစ္စည်းများ ဖြတ်ကျော် သယ်ယူရန်အတွက် စနစ်တကျ တွက်ချက် တည်ဆောက်ရေး၊ မိုးရာသီမရောက်မီ ပြီးစီးရေးတို့ကို မှာကြားသည်။

မဂ္ဂါဝပ်၁၄၀ထုတ်မည်

ဆက်လက်၍ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိခဲ့ပြီးတည်ဆောက်ရေးကာလတွင် အသုံးပြုမည့် ကီလိုဝပ် ၅၀ နှင့် ၇၅ကီလိုဝပ် အသေးစားရေအားလျှပ်စစ်ထုတ်လုပ်မည့် နေရာများအား လည်းကောင်း၊ တမံအုကြောင်းနှင့် ရေလွှဲဥမင်နေရာများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းများအား အရှိန်အဟုန်ဖြင့် လျင်မြန်စွာ ပြီးစီးရေး၊ မိုးရာသီတွင် ယာဉ်များ အန္တရာယ် ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် လမ်းကြောင်းကို မိုးမကျမီ အပြီးသတ်ဖောက်လုပ်ရေး၊ ဝန်ထမ်းများ သက်သာချောင်ချိရေး ကိစ္စများ မှာကြားသည်။ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းသည် ပေါင်းလောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်း၏ အရှေ့ဘက် ၃၂မိုင်ခန့်အကွာတွင် တည်ရှိပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၄၀ထုတ်လုပ်မည့် ရေအားလျှပ်စစ်စီမံကိန်းတစ်ခုဖြစ်သည်။

မတ်၆ရက်တွင် ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် ဖြူးမြို့၏ အနောက်တောင်ဘက် ကိုးမိုင်ခန့်တွင်တည်ရှိသော ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိခဲ့ပြီး စက်ယန္တရားများဖြင့် ဇုန်နယ်အလိုက် ပင်မတမံအား မြေဖို့ဆောင်ရွက်နေမှု၊ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည့် ရေလွှဲရေထုတ်ပြွန်၏ ရေထိန်းမျှော်စင်၊ ရေထိန်းမျှော်စင်သို့ ချဉ်းကပ်တံတား၊ ဖိအားမြှင့်သံမဏိပိုက်လိုင်းနှင့် ချဉ်းကပ် ဥမင်လိုဏ်အမှတ်(၂) တို့အား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား သတ်မှတ်ကာလတွင် အချိန်မီပြီးစီးရေးအတွက် လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ အခြားစီမံကိန်းများသို့ သွားရောက်လေ့လာပြီး မိမိလုပ်ငန်းများအား လျင်မြန်စွာ ဆောင်ရွက်ရေး မှာကြားသည်။ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသည် စစ်တောင်းမြစ်ဝှမ်း ဖွံ့ဖြိုးရေး စီမံကိန်းများတွင် တစ်ခုအပါအဝင် ဖြစ်ပြီး တပ်ဆင်စက်အင်အား သုံးလုံးဖြင့် မဂ္ဂါဝပ်၆၀ ထုတ်လုပ်နိုင်မည့် ရေအားလျှပ်စစ်စီမံကိန်းတစ်ခုဖြစ်ရာ ယခုအခါ စီမံကိန်းလုပ်ငန်းတစ်ခုလုံး၏ ၃၀ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ **(သတင်းစဉ်)**

7-3 (11).p65 1 3/27/05, 11:04 PM

တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်ဟု အသေးစိတ်အခြေခံရမည့်မူများချမှတ်

ကျော်ဖုံးမှ

ရှေးဦးစွာ "ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုခွင့်အာဏာ"ကို ဖတ်ကြားတင်ပြရာ၌–

ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းတွင်ပါဝင်သည့် ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုခွင့်အာဏာ ခွဲဝေအပ်နှင်းပေးရေးကိစ္စအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူနှင့် စပ်လျဉ်းပြီး ၂၀၀၄ခုနှစ် မေလ ၂၁ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့ပါကြောင်း၊ ယင်းရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များက အကြံပြုဆွေးနွေးခဲ့ကြပြီး အသေးစိတ်အခြေခံရမည့်မူအဖြစ်–

"တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ကိုဖြစ်စေ ဥပဒေပြုခွင့်အပ်နှင်းထားသော ကိစ္စများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြဋ္ဌာန်းပေးရန် လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်က လိုအပ်သောဥပဒေကို ပြဋ္ဌာန်းပေးရမည်" ဟု ချမှတ်သင့်ကြောင်းကို ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များဖြစ်သည့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့နှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့က အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက ယင်းတို့ပါတီ၏ သဘောထားအတိုင်း တင်ပြသွားကြပါကြောင်း။

ယင်းအစုအဖွဲ့တွင် ပါဝင်သည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များကလည်း လုပ်ငန်းကော်မတီ ဥက္ကဋ္ဌရှင်းလင်းတင်ပြခဲ့သည့် အချက်ကို အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း၊ ယင်းတို့၏ ဆန္ဒသဘောထားများကို သီးခြားစီ တင်ပြသွားကြသည်ကို တွေ့ရှိရပါကြောင်း။

ထို့ကြောင့် ညီလာခံကိုယ်စားလှယ်အများအပြား၏ အကြံပြုချက်များနှင့် အညီ–

ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းတွင် ပါဝင်သည့် ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုခွင့်အာဏာ ခွဲဝေအပ်နှင်းပေးရေးကိစ္စနှင့် စပ်လျဉ်း၍

"တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကို ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ကိုဖြစ်စေ၊ ဥပဒေပြုခွင့် အပ်နှင်းထားသော ကိစ္စများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြဋ္ဌာန်းပေးရန် လိုအပ်ပါက ပြည်ထောင်စု လွှတ်တော်က လိုအပ်သောဥပဒေကို ပြဋ္ဌာန်းပေးရမည်"ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်လိုက်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးသောင်းညွှန့်က**"လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှု"**ကို ဆက်လက်ဖတ်ကြားတင်ပြရာတွင် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းတွင် ပါဝင်သည့် လွှတ်တော် အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှုအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး ၂၀၀၄ခုနှစ် မေလ ၂၁ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီ အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့ပါကြောင်း၊ အဆိုပါ ရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များက အကြံပြုဆွေးနွေးခဲ့ကြပြီး အသေးစိတ်အခြေခံရမည့် မူများအဖြစ်–

(၁) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် သက်ဆိုင်ရာတိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်၊

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်သည် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် ပြည်ထောင်စု လွှတ်တော်ကပြဋ္ဌာန်းသည့် ဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်။

(၃) တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ်ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ပြည်ထောင်စု လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါ အတိုင်း လိုက်နာကျင့်သုံးရမည်၊

(၄) ပြည်ထောင်စု လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ် လွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်သည်လည်းကောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်၊

(၅) တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မဆန့်ကျင်သမျှ အတည် ဖြစ်သည်"

ဟု ချမှတ်သင့်ကြောင်းကို ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များဖြစ်သည့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့နှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့က အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်အစုအဖွဲ့တွင် ပါဝင်သည့် နိုင်ငံရေးပါတီမှ ကိုယ်စားများက ယင်းတို့ပါတီ၏ သဘောထားအတိုင်း တင်ပြသွားကြပါကြောင်း။

အဆိုပါ အစုအဖွဲ့တွင် ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များကလည်း လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြခဲ့သည့် အချက်များကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း ယင်းတို့၏ ဆန္ဒသဘောထားများကို သီးခြားစီ တင်ပြသွားကြသည်ကို တွေ့ရှိရပါကြောင်း။

ထို့ကြောင့် ညီလာခံကိုယ်စားလှယ်အများအပြား၏ အကြံပြုချက်များနှင့်အညီ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းတွင် ပါဝင်သည့်လွှတ်တော် အဆင့်ဆင့်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှုနှင့် စပ်လျဉ်းပြီး–

"(၁) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်၊

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းသည့် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်ဆန့်ကျင်နေလျှင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်၊

(၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့်ဆန့်ကျင်နေလျှင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်၊

(၄) ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ် လွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က ပြဋ္ဌာန်းလိုက်သည့်ဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်သည်လည်းကောင်း၊ တည်ဆဲဥပဒေ တစ်ရပ်ရပ်သည်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ အတိုင်း လိုက်နာကျင့်သုံးရမည်၊

(၅) တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင် သမျှ အတည်ဖြစ်သည်"

ဟု အသေးစိတ် အခြေခံရမည့်မူများ ချမှတ်လိုက်ပါကြောင်းဖြင့် ဖတ်ကြား တင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွှန့်က **"ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်း"** ကို ဖတ်ကြားတင်ပြရာ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းတို့နှင့် စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို ၂၀၀၄ခုနှစ် မေလ ၂၁ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အမျိုးသား ညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့ပါကြောင်း၊ အဆိုပါ ရှင်းလင်းတင်ပြချက်နှင့် စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များက အကြံပြုဆွေးနွေးခဲ့ကြပြီး အသေးစိတ်အခြေခံရမည့်မူများအဖြစ်–

(က) ပြည်ထောင်စုဝန်ကြီးဌာနများ၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏အရအသုံး ခန့်မှန်းခြေ ငွေစာရင်းများကို နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ဒုတိယသမ္မတတစ်ဦးက ဦးဆောင်စိစစ်၍ ပြည်ထောင်စုဝန်ကြီးဌာနများ အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ အရအသုံးငွေစာရင်း လျာထားချက်ကို ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အရအသုံးငွေစာရင်းများကို နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ကျန်ဒုတိယသမ္မတတစ်ဦးက ဦးဆောင်စိစစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံး ငွေစာရင်းလျာထားချက်ကို ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြရမည်။

(ဂ) ပြည်ထောင်စုနယ်မြေ အသုံးစရိတ်များ ပါရှိသော ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်လျော်သလို ဖြည့်ဆည်းပေးခြင်း၊ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ ချေးငွေများ ခွင့်ပြုခြင်းအပါအဝင် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်း သို့မဟုတ် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ထောက်ခံတင်ပြနိုင်ရေးအတွက် လည်းကောင်း၊ ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်သင့်သည့် ကိစ္စများကို အကြံပြုနိုင်ရေးအတွက်လည်းကောင်း၊ ခိုင်မာသော ဘဏ္ဍာရေးစနစ် ဖြစ်ပေါ်စေရေးအတွက် ပြည်ထောင်စု လွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ တာဝန်ပေးအပ်သည့် ကိစ္စရပ်များကို လည်းကောင်း ဆောင်ရွက်နိုင်ရေးအတွက် ဘဏ္ဍာရေးကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်–

(၁) နိုင်ငံတော်သမ္မတ – ဥက္ကဋ္ဌ
(၂) ဒုတိယသမ္မတများ – ဒုတိယဥက္ကဋ္ဌများ
(၃) ပြည်ထောင်စုရှေ့နေချုပ် – အဖွဲ့ဝင်
(၄) ပြည်ထောင်စုစာရင်းစစ်ချုပ် – အဖွဲ့ဝင်
(၅) တိုင်းဒေသကြီးဝန်ကြီးချုပ်များ နှင့်ပြည်နယ်ဝန်ကြီးချုပ်များ – အဖွဲ့ဝင်များ
(၆) ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ – အဖွဲ့ဝင်
(၇) ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီး – အတွင်းရေးမှူး

(ဃ) (၁) ဘဏ္ဍာရေးကော်မရှင်ကို ဖွဲ့စည်းသည့်အခါ အဖွဲ့ဝင်အဖြစ် ထမ်းဆောင်ရမည့် ရာထူးနေရာတွင် အကြောင်းတစ်စုံတစ်ရာကြောင့် တာဝန်ပေးအပ်ခြင်းခံရသူမရှိသေးပါက နိုင်ငံတော်သမ္မတသည် သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးအား ယာယီအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်နိုင်သည်။

(၂) ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်းကို နိုင်ငံတော်သမ္မတက ထုတ်ပြန်ကြေညာရမည်။ ထို့အပြင် ဘဏ္ဍာရေးကော်မရှင်အတွက် လိုအပ်သောအမိန့်၊ ညွှန်ကြားချက်စသည်များကိုလည်း နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတကတာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်ကထုတ်ပြန်ကြေညာနိုင်သည်၊

(င) ဘဏ္ဍာရေးကော်မရှင်သည် ပြည်ထောင်စု၏အရအသုံးမှန်းခြေငွေစာရင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအား ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်တင့်လျောက်ပတ်စွာဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ လိုအပ်မည့် ချေးငွေများ ထုတ်ချေးခြင်းတို့ပါဝင်သည့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စု လွှတ်တော်သို့ တင်ပြနိုင်ရေးအတွက် နိုင်ငံတော်သမ္မတထံသို့ ထောက်ခံတင်ပြရမည်။

(စ) ဘဏ္ဍာရေးကော်မရှင်သည် လိုအပ်ပါက ဘဏ္ဍာရေးကျွမ်းကျင်သူများ၏ အကြံဉာဏ်များကို ရယူနိုင်သည်။

(ဆ) ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား နိုင်ငံတော်သမ္မတ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်သည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

(ဇ) ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် ပါရှိသော–

(၁) နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းထားသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ အကြီးအကဲများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊

(၂) ပြည်ထောင်စုက ပေးဆပ်ရန်တာဝန်ရှိသော ကြွေးမြီများ၊ ယင်းကြွေးမြီများနှင့် ဆက်နွှယ်သော ကုန်ကျစရိတ်များ၊ ပြည်ထောင်စုက ချေးယူငွေများနှင့် ဆက်နွှယ်သော အခြား ကုန်ကျစရိတ်များ၊

(၃) တရားရုံး သို့မဟုတ် ခုံရုံးတစ်ခုခု၏ စီရင်ချက်၊ အမိန့်၊ ဒီကရီအရ ပေးဆောင်ရန်ရှိသော အသုံးစရိတ်များ၊

စာမျက်နှာ ၁၃ ကော်လံ ၁သို့

7-3 (12).p65 1 3/27/05, 11:04 PM

စာမျက်နှာ ၁၂မှ

(၄) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ စာချုပ်တစ်ခုခုအရဖြစ်စေ ကျခံရမည့်အခြားအသုံးစရိတ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးပိုင်ခွင့်ရှိသည်။ သို့သော် ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းမပြုရ။

(ဈ) အထက်အပိုဒ်(ဇ)ပါ အသုံးစရိတ်များမှအပ အခြားအသုံးစရိတ်များအတွက်ကိုမူ ပြည်ထောင်စုလွှတ်တော်က သဘောတူ အတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့် အညီ ဆောင်ရွက်ရမည်။

(ည) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါအတိုင်း ပြည်ထောင်စု အစိုးရအဖွဲ့က လိုအပ်သလို ဆောင်ရွက်ရမည်။

(ဋ) ပြည်ထောင်စုလွှတ်တော်က သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ပြဋ္ဌာန်းထားသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေပါ လျာထားသော ရငွေများနှင့် ခွင့်ပြုထားသော သုံးငွေများ အပြင် နောက်ထပ် ရငွေများ လျာထားရန်နှင့် သုံးငွေများခွင့်ပြုရန် လိုအပ်သည့်အခါ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကို အထက်ပါနည်းလမ်းများအတိုင်း ပြဋ္ဌာန်းဆောင်ရွက်ရမည်။

(ဌ) ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းသည့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေပါအတိုင်း ပြည်ထောင်စုအစိုးရအဖွဲ့က လိုအပ်သလို ဆောင်ရွက်ရမည်။

(ဍ) ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ သို့မဟုတ် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှရရှိသည့် ဘဏ္ဍာငွေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရ အသုံးခန့်မှန်းခြေငွေစာရင်းကို သက်ဆိုင်ရာဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်အပေါ်သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကလိုအပ်သလို ဆွေးနွေး၍ သဘောတူအတည် ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကိုအများဆန္ဒနှင့် အညီ ဆောင်ရွက်ရမည်။

ယင်းသို့ဆောင်ရွက်ရာတွင် –

(၁) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းများ၏ အကြီးအကဲများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊

(၂) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့အကြီးအကဲများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကပေးဆပ်ရန်တာဝန် ရှိသော ကြွေးမြီများ၊ ယင်းကြွေးမြီများနှင့်ဆက်နွှယ်သော ကုန်ကျစရိတ်များ၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်က ချေးယူငွေများနှင့် ဆက်နွှယ်သောကုန်ကျစရိတ်များ၊

(၄) တရားရုံး သို့မဟုတ် ခုံရုံးတစ်ခုခု၏ စီရင်ချက်၊ အမိန့်၊ ဒီကရီအရ ပေးဆောင်ရန်ရှိသောအသုံးစရိတ်များ၊

(၅) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေတစ်ရပ်ရပ်အရ ကျခံရမည့် အခြား အသုံးစရိတ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် ဆွေးနွေးပိုင်ခွင့်ရှိသည်။ သို့သော် ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းမပြုရ။

(ဎ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဥပဒေနှင့် အညီ ကောက်ခံ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ သို့ ပေးသွင်းရမည့် အခွန်အခများမှာ အောက်ပါအတိုင်းဖြစ်သည်–

(၁) မြေယာခွန်၊

(၂) ယစ်မျိုးခွန်၊

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကစီမံခန့်ခွဲခွင့်ရှိသည့် ဆည်များ၊ တာတမံများကိုအရင်းခံသည့် ရေခွန်၊ တာတမံ ခွန်နှင့် ထိုဆည်များ၊ တာတမံများ၏ ရေအားဖြင့် ထုတ်လုပ် ရရှိသည့်လျှပ်စစ်ဓာတ်အား သုံးစွဲခ၊

(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် လမ်းများ၊ တံတားများဖြတ်သန်းခ၊

(၅) (ကက) ရေချိုငါးလုပ်ငန်းအပေါ်တွင် စည်းကြပ်ကောက်ခံသည့် ဘဏ္ဍာတော်ကြေး (Royalty)၊

(ခခ) သတ်မှတ်ထားသောအကွာအဝေးအတွင်း ပင်လယ်ငါးဖမ်းလုပ်ငန်းအပေါ်တွင် စည်းကြပ်ကောက်ခံသည့် ဘဏ္ဍာတော်ကြေး (Royalty)၊

(၆) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကုန်းလမ်း၊ ရေလမ်းသုံး ယာဉ်များဆိုင်ရာဥပဒေအရ စည်းကြပ်သောအခွန်၊

(၇) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပိုင်ပစ္စည်းများ ရောင်းရငွေနှင့် ငှားရမ်းခများ၊ ယင်းပစ္စည်းများမှရရှိသော အခြား အကျိုးအမြတ်များ၊

(၈) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဝန်ဆောင်မှု လုပ်ငန်းများအတွက် သတ်မှတ်ကောက်ခံသည့် အခကြေးငွေများ၊ အခွန်အခများနှင့် အခြားရငွေများ၊

(၉) တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်အပါအဝင်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်းရှိ တရားရုံးများက ချမှတ်သည့် ဒဏ်ငွေများ၊ ဝန်ဆောင်မှုအတွက် ကောက်ခံသည့် အခွန်အခများနှင့် အခြား ရငွေများ၊

(၁၀) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများ ထုတ်ချေးသဖြင့် ရရှိသောအတိုးများ၊

(၁၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ရရှိသည့် အကျိုးအမြတ်များ၊

(၁၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ သစ်တောများမှ အောက်ပါပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်အခများ–

(ကက) ကျွန်းနှင့် သတ်မှတ်သော သစ်မာများမှအပ ကျန်သစ်များ အပေါ်တွင် ကောက်ခံသည့်အခွန်၊

(ခခ) ထင်း၊ မီးသွေး၊ ကြိမ်၊ ဝါး၊ ငှက်သိုက်၊ ရှားစေး၊ သနပ်ခါး၊ ထင်းရှူးဆီ၊သစ်မွှေး၊ ပျားထွက်ပစ္စည်းများ အပေါ်ကောက်ခံသည့်အခွန်၊

(၁၃) မှတ်ပုံတင်ကြေး၊

(၁၄) ပွဲခွန်၊

(၁၅) ဆားခွန်၊

(၁၆) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ရရှိသည့် ဘဏ္ဍာငွေများ၊

(၁၇) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ စည်ပင် သာယာရေးဆိုင်ရာအဖွဲ့အစည်းများ၏ ထည့်ဝင်ငွေများ၊

(၁၈) ပိုင်ရှင်မပေါ်သော သွင်းထားငွေများနှင့် ပစ္စည်းများ၊

(၁၉) ရတနာသိုက် (Treasure Trove)၊

(ဏ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများကို ဥပဒေနှင့်အညီ သုံးစွဲခွင့် ရှိသည်။

(တ) ပြည်ထောင်စုသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံခွင့်ရှိသော အခွန်အခများမှအပ အခြားအခွန်အခများကို ဥပဒေနှင့်အညီကောက်ခံ၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

(ထ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရန်သတ်မှတ်ထားသည့် ရငွေများနှင့် အခွန်အခအမျိုးအစားများကို ပြည်ထောင်စု နယ်မြေများအတွက် ကောက်ခံရန်ရှိပါက ပြည်ထောင်စုကဥပဒေနှင့်အညီ ကောက်ခံပြီး ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

(ဒ) ပြည်ထောင်စုသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကို ဥပဒေနှင့်အညီ သုံးစွဲခွင့်ရှိသည်”

ဟုချမှတ်သင့်ကြောင်းကို ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များဖြစ်သည့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့နှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်သည့် ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီတို့က အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ **(သတင်းစဉ်)**

အရှင်အာစာရာလင်္ကာရတရားပွဲများ ကျင်းပမည်

ရန်ကုန် မတ် ၆

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာ တိုက်သစ်ကျောင်းတိုက်ကြီးမှနိုင်ငံတော် ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရ သာသနာပြု ဓမ္မကထိကဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်မြတ်သည် မတ်၇ ရက်နှင့်၈ရက်ညတွင် ကွမ်းခြံကုန်းမြို့ တောင်ဘက်ပိုင်း ဓမ္မသဘင်၊ ၉ရက်နှင့်၁၀ရက်ညတွင် ဒေးဒရဲမြို့ အင်းထူး ရွာ ဓမ္မသဘင်၊ မတ်၁၁ရက်တွင် သန်လျင်မြို့ စစ်ပင်ကွင်းရွာ၊ ၁၂ရက်တွင် သန်လျင်ဘယက်ရွာ၊ ၁၃ရက်တွင် တာမွေနတ်ချောင်းရပ်ကွက် သာသနာ့ဗေယျမင်္ဂလာ ပရိယတ္တိစာသင်တိုက် ဓမ္မသဘင်၊ ၁၄ရက်တွင် သန်လျင် ပေါက်တောရွာ၊ ၁၅ရက်တွင် သန်လျင် သပြေကန်ရွာ၊ ၁၆ရက်တွင် သန်လျင် ပုဂံတောင်ရွာ၊ ၁၇ရက်နှင့်၁၈ရက်တွင် သုံးခွမြို့နယ် ညောင်ပင်ခင်တန်းရွာ၊ ၁၉ရက်နှင့်၂၀ရက်တွင် ဒေးဒရဲမြို့ အုန်းပင်စုရွာ၊ ၂၁ရက်နှင့် ၂၂ရက်တွင် ဒေးဒရဲမြို့ တူးမြောင်းကျေးရွာ၊ ၂၃ရက်တွင် ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက် ဝိနည်းစာတော်ပြန်ပွဲ၊ ၂၄ရက်နှင့်၂၅ရက်တွင် သန်လျင်မြို့ ပြည်တော်သာရွာနှင့် ကုလားဝဲရွာ၊ ၂၆ရက်နှင့်၂၇ရက်တွင် သာကေတ၂/တောင် ရန်အောင်မြင် ဓမ္မာရုံ၊၂၈ရက်နှင့်၂၉ရက်တွင်ဘီးလင်းမြို့ ဓမ္မသဘင်၊ ၃၀ရက်ညတွင် ဒေးဒရဲမြို့ ကံ့ဒါးကျေးရွာအလှူပွဲ၊ ၃၁ရက်ညတွင် တောင်ဒဂုံ(၁၈)ရပ်ကွက်၊ ဧပြီ ၁ရက်တွင် ကမာရွတ်(၅)ရပ်ကွက် အောင်သုခလမ်းထိပ် ဆရာစံလမ်းမကြီး ဓမ္မသဘင်၊ ဧပြီ၂ရက်တွင် မင်္ဂလာဒုံ ဓမ္မသဘင်၊ ၃၊၄၊၅၊၆ရက်များတွင် ပုသိမ်မြို့ ဓမ္မသဘင်တို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မိုးရေချိန်စံချိန်သစ်

ရန်ကုန် မတ် ၆

ယနေ့နံနက် ၉ နာရီခွဲတွင် ပူတာအိုမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၇၃ မီလီမီတာ(၂ဒသမ ၈၇လက်မ)သည် ယင်းမြို့၏ လွန်ခဲ့သော နှစ်ပေါင်း ၃၉ နှစ်အတွင်း မတ်လအတွက် အများဆုံးတိုင်းထွာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ၄၆ မီလီမီတာ(၁ ဒသမ ၈၁ လက်မ)ဖြစ်ပြီး ၁၉၉၆ ခုနှစ် မတ်လ ၁၄ရက်တွင် ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနကထုတ်ပြန်ထားသည်။

အင်းစိန်မြို့နယ် ကမ်းနားအလယ်ရပ်ကွက်လမ်း ကျပ်သိန်း ၅၆၀တန် ဆောက်လုပ်ဆဲ ရတနာကံကြီး ပရိယတ္တိစာသင်တိုက်နှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး နှစ်ထပ်ကျောင်းဆောင်သစ် တတိယအကြိမ် အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၃ရက် (တပို့တွဲလပြည့်နေ့)က အဆိုပါ ကျောင်းတိုက်၌ ကျင်းပရာ ရန်ကုန်တိုင်းသံဃာ့ဝန်ဆောင်ဆရာတော် အင်းစိန် ကံသာကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (အကြံပေးပုဂ္ဂိုလ်)ဗိုလ်မှူးကြီးတင်ထွန်းက အလှူငွေကျပ် သိန်း ၅၀ ပေးအပ်လှူဒါန်းစဉ်။ (ဝ၄၆)

တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို တင်းနစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၆

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ Shwe Ngwe Mya Co., Ltd. ၏ ပံ့ပိုးကူညီမှုဖြင့်ကျင်းပမည့် SNM Inter Club Tennis Tournament တင်းနစ်ပြိုင်ပွဲကို မတ် ၂၀ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ် အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစားများမှာ (က) အဆင့် အသင်းလိုက်ပြိုင်ပွဲ၊ တစ်ဦးချင်း နှစ်ပွဲ၊ နှစ်ယောက်တွဲတစ်ပွဲကစားခွင့် ပြုမည်ဖြစ်ပြီး အသင်းတစ်သင်းလျှင် အားကစားသမား အနည်းဆုံးလေးဦးနှင့် အများဆုံးငါးဦး ပါဝင်ယှဉ်ပြိုင် နိုင်သည်။

(ခ)အဆင့် အသင်းလိုက်ပြိုင်ပွဲ၊ နှစ်ယောက်တွဲ သုံးပွဲ ကစားခွင့်ပြုမည် ဖြစ်ပြီး အသင်းတစ်သင်းလျှင် အားကစားသမား အနည်းဆုံးခြောက်ဦး အများဆုံးခုနစ်ဦး ပါဝင်ယှဉ်ပြိုင်ရန်ဖြစ်သည်။

ထို့ပြင်အမျိုးသမီး တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲတို့ ပါဝင်မည် ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းများမှာ (က)အဆင့် အသင်းလိုက်ပြိုင်ပွဲတွင် လက်ရွေးစင်များနှင့် ပြည်နယ်နှင့် တိုင်းအဆင့် အားကစားသမားများသာ ပါဝင်ရန်၊ (ခ) အဆင့်အသင်းလိုက်ပြိုင်ပွဲတွင် ပြည် နယ်နှင့် တိုင်းအဆင့်မဟုတ်သူများ၊ အသက် ၄၅နှစ်အထက် ပြည်နယ်နှင့် တိုင်းလက်ရွေးစင်ဟောင်းများ တစ်သင်းလျှင်တစ်ဦးသာ ပါဝင်ခွင့်ရှိသည်။ အသက် ၅၀အထက် ပြည်နယ်နှင့် တိုင်းလက်ရွေးစင်ဟောင်းများ တစ်သင်းလျှင် အားကစားသမား ဦးရေ ကန့်သတ်ချက်မရှိ ပါဝင်ခွင့်ရှိသည်။

ပြိုင်ပွဲသို့ နယ်မှလာရောက် ပါဝင်ယှဉ်ပြိုင်သော ကလပ်အသင်းများကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က တည်းခိုရန် စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်သည်။

ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်လိုသူများသည် မတ် ၁၈ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း–၃၇၂၃၆၀၊ ၃၈၁၉၉၁၊ Fax–၃၈၁၉၉၂ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၇–၃–၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၁၀	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၂၀	၇။	ဟင်းရွက်ရေလှောင်တမံ
၈း၃၀	၈။	International News
၈း၄၅	၉။	Grammar made Easy

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၀၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice in Reading
၁၆း၄၅	၄။	တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်း ပြိုင်ပွဲဆုရတေးများ(၂၀၀၂)ခုနှစ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား အစီအစဉ် တတိယနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၁၇း၁၅	၆။	တေးဂီတအစီအစဉ်
၁၇း၃၀	၇။	အကပဒေသာ
၁၇း၄၀	၈။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတ အဖွဲ့ဖျော်ဖြေခန်း)
၁၇း၅၅	၉။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
၁၈း၀၅	၁၀။	Discovery
၁၈း၁၀	၁၁။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **“ မျောက်မင်းဝူခုန်း ”** (အပိုင်း–၇၃)
၁၈း၃၀	၁၂။	ညနေခင်းသတင်း
၁၉း၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၄။	မြန်မာစာ မြန်မာစကား
၁၉း၂၀	၁၅။	နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၉း၃၅	၁၆။	စက်မှုစွမ်းအားခေတ်ကျော်လွှား
၁၉း၄၅	၁၇။	အမျိုးသားညီလာခံဂုဏ်ပြုတေး
၂၀း၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **“ သံစဉ်မဲ့ချစ်သူ ”** (အပိုင်း–၄၄)
	၂၂။	နောက်တစ်နေ့အစီအစဉ်
	၂၃။	အစီအစဉ်ပြီး၏။

မြန်မာပြည် ဗုဒ္ဓဘာသာ ပုညကုသလ(ဘီဘီအမ်အေ)အသင်းကြီး၏ (၈၅)ကြိမ်မြောက် ပိဋကတ်တော်အလှူပွဲကို ဖေဖော်ဝါရီ ၂၇ရက်က အမှတ် ၁၈၇/၁၈၉၊ လမ်းမတော်မြို့နယ်၊ ၁၄လမ်းထိပ်ရှိ အသင်း၏မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ဥက္ကဋ္ဌ ဦးစောဖေညွန့်က တိပိဋကစာမေးပွဲနှင့် ဗုဒ္ဓဘာသာစာမေးပွဲများတွင် ထူးချွန်စွာအောင်မြင်တော်မူကြသော သာသနာ့အာဇာနည်အရှင်သူမြတ် ၆၉ပါးနှင့် သာသနာ့နွယ်ဝင် သီလရှင်သုံးပါးတို့အား ပိဋကတ်တော်စာအုပ်များနှင့် ဝတ္ထုပစ္စည်းများ အောင်မြင်စွာလှူဒါန်းနိုင်ခဲ့ကြောင်း ရှင်းလင်းပြောကြားစဉ်။ (က-ပ)

နှစ်(၆၀)ပြည့်တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

ကမာရွတ်မြို့နယ် ဆင်ရေတွင်းလမ်း ကိုယ့်အားကိုယ်ကိုး စုပေါင်းလမ်းသစ်ဖွင့်

ရန်ကုန် မတ် ၆

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် အမှတ်(၂)ရပ်ကွက် ဆင်ရေတွင်းလမ်း ကိုယ့်အားကိုယ်ကိုး စုပေါင်းလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အဆိုပါလမ်းသစ်၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်း၊ အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့်အဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်၊ လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ အခမ်းအနားမှူးက ဆင်ရေတွင်း ကိုယ့်အားကိုယ်ကိုး စုပေါင်းလမ်းသစ် ဖြစ်ပေါ်လာပုံကို ရှင်းလင်းတင်ပြပြီး လမ်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးဟန်မြင့်မောင်၊ အတွင်းရေးမှူး ဦးအေးငွေနှင့် တွဲဖက်အတွင်းရေးမှူး ဦးစန်းဋ္ဌေးတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်းနှင့် ဧည့်သည်တော်များသည် လမ်းသစ်ကိုကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဧည့်ခန်းမ၌ စွမ်းအားရှင် အဆင့်မြင့်ရောင်စုံအုတ် ထုတ်လုပ်ဖြန့်ချိရေးနှင့် ခင်းကျင်းရေးလုပ်ငန်းမှ ဗိုလ်မှူးညီညီတင်က ချိတ်ဆက်အုတ်များ အသုံးပြု၍ ဆင်ရေတွင်းကိုယ့်အားကိုယ်ကိုးလမ်းသစ်ကို ခင်းကျင်းပေးခဲ့မှုနှင့် လုပ်ငန်းဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ Agricultural and Industrial Development Co., Ltd. မှ Sale Engineer ဦးမြင့်ထွေးက လမ်းခင်းရာတွင် အောက်ခံမြေလွှာ ပိုမိုခိုင်ခံ့စေရေးအတွက် Poly Felt Geosynthetics နည်းပညာအသုံးပြု ဆောင်ရွက်နိုင်သည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

အထိမ်းအမှတ်အလံပေး

ထို့နောက် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဟန်မြင့်မောင်က တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်းနှင့် တာဝန်ရှိသူများအား လမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံများကို ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ဖွင့်လှစ်သည့် ကမာရွတ်မြို့နယ် အမှတ်(၂)ရပ်ကွက် ဆင်ရေတွင်း ကိုယ့်အားကိုယ်ကိုး စုပေါင်းလမ်းသစ်သည် အရှည်ပေ ၉၀၀၊ အကျယ် ၁၄ပေရှိပြီး ချိတ်ဆက် အုတ်များဖြင့် ခင်းကျင်းထားသော အဆင့်မြင့်လမ်းသစ်တစ်ခုဖြစ်ကာ အလှူရှင်များနှင့် ပြည်သူလူထုတို့ စုပေါင်းထည့်ဝင်လှူဒါန်းငွေကျပ် ၁၀၆ သိန်း အကုန်အကျခံ၍ ခင်းကျင်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ-ဂျပန် ချစ်ကြည်ရေးအမျိုးသားဘော်လီဘောပြိုင်ပွဲ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ ချုပ်လက်ရွေးစင်အသင်းအနိုင်ရရှိ

ရန်ကုန် မတ် ၆

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ အေးမြင့်သည် ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ကျင်းပသော မြန်မာ-ဂျပန် ချစ်ကြည်ရေး အမျိုးသား ဘော်လီဘောပြိုင်ပွဲ၏ တတိယနေ့ပွဲစဉ်ကို ကြည့်ရှုအားပေးသည်။

မြန်မာ-ဂျပန် ချစ်ကြည်ရေး အမျိုးသား ဘော်လီဘောပြိုင်ပွဲ တတိယနေ့ပွဲစဉ်ပြိုင်ပွဲသို့ မြန်မာ့အားကစား အောင်နိုင်ရေး ကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဘော်လီဘော အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

တတိယပွဲစဉ် ပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်လက်ရွေးစင် ဘော်လီဘောအသင်းနှင့် ဂျပန်နိုင်ငံ Kinki တက္ကသိုလ်လက်ရွေးစင် ဘော်လီဘောအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းက ၃၁-၂၉မှတ်၊ ၂၇-၂၅မှတ်၊ ၁၄-၂၅မှတ်၊ ၂၆-၂၄မှတ်ဖြင့် အနိုင်ရရှိသည်။

ချစ်ကြည်ရေးပြိုင်ပွဲ အပြီးတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးက မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်လက်ရွေးစင်အသင်းအား ဆုငွေကျပ်တစ်သိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်က ဆုငွေ ကျပ်ငါးသိန်းကိုလည်းကောင်း ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက်၊ ကမ္ဘောဇလမ်း အမှတ်၂၅နေ သူရဦးကျော်ထင်၏ (၉)နှစ်မြောက်ရည်စူး၍ ဇနီး ဒေါ်ခင်ဝင်းမြင့် သားသမီးမြေးတစ်စုတို့က သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်ရှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

စစ်ကိုင်းတိုင်း မုံရွာမြို့နယ် စစ်ပင်ရပ်နေ ဒေါ်စက်ဝင်းက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် အလှူငွေကျပ်ငါးသိန်းကို မတ် ၄ ရက်ကလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်းက လက်ခံယူစဉ်။ (က-ပ)

လောင်စာတွေကိုရှင်း၊ မီးဘေးအန္တရာယ်ကင်း

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ပဒေသာပင်အလှူရှင်များ ရေစက်ချမင်္ဂလာကျင်းပ

ရန်ကုန် မတ် ၆

ရန်ကုန်မြို့ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ပြည်တွင်းပြည်ပမှ လှူဒါန်းကြသော ပဒေသာပင်အလှူရှင်များ၏(၃၆)ကြိမ်မြောက် ရေစက်ချမင်္ဂလာပွဲနှင့် ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ဝေဇယန္တာဆောင် ရှစ်ထပ်အဆောက်အအုံ၌ ကျင်းပရာ ဆရာတော် သံဃာတော်များအား အလှူရှင်များကလှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကမ္ဘာအေးတိပိဋက မဟာဂန္ဓာရုံကျောင်းတိုက် တိုက်အုပ်ဆရာတော်ထံမှ ပရိသတ်များက သာဓု အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သား မောင်စည်သူမင်းသည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်ငှင်းကိစ္စမှန်သမျှ လုံးဝ(လုံးဝ)တာဝန်မယူပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးမောင်မောင်ငွေ(ခ)ကိုငယ်လေး
အမှတ်က/၃၅၊ ထန်းနှစ်ပင်ကျောင်းလမ်း၊ သန်လျင်မြို့။

အဋ္ဌမနှစ်အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှု ရက်သတ္တပတ်အခမ်းအနား ဖျာပုံခရိုင်တွင်ကျင်းပ

ဖျာပုံ မတ် ၄

ဖျာပုံခရိုင် အဋ္ဌမနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်အခမ်းအနားကို မတ် ၂ရက် မွန်းလွဲ ၂နာရီက ဖျာပုံမြို့ သီရိအဏ္ဏဝါ ခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ဖျာပုံခရိုင်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲထွင့်က အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာများ မှာကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ခရိုင်ဆရာဝန်ကြီး ဒေါက်တာထွန်းနေအောင်က အဋ္ဌမနှစ် အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုနှင့် ပတ်သက်သော အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်များအတွက် ယင်လုံအိမ်သာ အထောက်အကူပြု ပစ္စည်းများကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွင့်က ပေးအပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ရီက လက်ခံရယူသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ရှေးဟောင်းသမိုင်းဝင် ဘော်ကြိုမုဋ္ဌောစေတီတော်မြတ် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်စည်ကားသိုက်မြိုက်စွာကျင်းပမည်

သီပေါ မတ် ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဘော်ကြိုကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် ဘော်ကြိုမုဋ္ဌောစေတီတော်မြတ် (အပေါ်ပုံ)၏ ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကို ၁၃၆၆ခုနှစ် တပေါင်းလဆန်း၁၀ရက်မှတပေါင်းလပြည့်ကျော် ၁ရက် (မတ်၁၉ရက်မှ ၂၄ရက်)အထိ ခြောက်ရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

တပေါင်းလဆန်း၁၀ရက်တွင် ဗုဒ္ဓါဘိသေက မင်္ဂလာအနေကဇာတင်ပွဲ၊ ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ၊တပေါင်းလဆန်း ၁၀ရက်မှ လပြည့်နေ့အထိ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ တပေါင်းလပြည့်နေ့တွင် စုပေါင်းဆွမ်းတော်ကြီးတင်လှူပွဲနှင့် ထမနဲဆွမ်းတင်လှူပွဲ၊ လပြည့်ကျော် ၁ရက်တွင် ဗုဒ္ဓပူဇနိယပွဲတော် အောင်ပွဲအခမ်းအနားနှင့် ရေစက်ချပွဲများ ကျင်းပမည်ဖြစ်သည်။

ဘုရားပွဲတော်ရက်အတွင်း ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ဘော်ကြိုမုဋ္ဌောစေတီတော် အထွေထွေဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးအတွက် ရွှေပြား၊ ရွှေသင်္ကန်း၊ လျှပ်စစ်မီးနှင့် အလှူတော်ငွေများ လှူဒါန်းလိုကြသော ရဟန်းရှင်လူ စေတနာရှင်များ စိတ်ချမ်းမြေ့စွာလှူဒါန်းနိုင်ရေးအတွက်ဘော်ကြိုမုဋ္ဌောစေတီရင်ပြင်တော်ပေါ်တွင် အလှူခံဌာနများ ဖွင့်လှစ်ထားရှိကြောင်း သိရသည်။ **(၁၀၆)**

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

မအူပင်မြို့နယ် ကျုံသင်ကျေးရွာ အုပ်စုတွင် မြရတနာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးအောင်စိုးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိန်မြင့်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(ခရိုင် ပြန်/ဆက်)



နမ့်ခမ်းမြို့လမ်းများ ကတ္တရာခင်းရန် ကွင်းဆင်းဆောင်ရွက်

နမ့်ခမ်း မတ် ၅

နမ့်ခမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာနှစ် မြို့ပြလမ်းလုပ်ငန်းဖြစ်သော ကုမုဒြာလမ်း အရှည်ပေ ၆၀၀၊ အကျယ် ၁၂ ပေအတွက် လျာထားငွေကျပ် ၁၇၃၀၀၀၀၊ အာသောကလမ်း အရှည်ပေ ၁၆၆၀၊ အကျယ် ၁၂ပေအတွက် လျာထားငွေ ကျပ် ၃၄၈၀၀၀၀ဖြင့် ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါဆောင်ရွက်မှုအခြေအနေများကို ဖေဖော်ဝါရီ၁၇ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်တိုးက ကွင်းဆင်းကြီးကြပ် စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ကန့်ဘလူမြို့နယ်စည်ပင်သာယာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပ

ကန့်ဘလူ မတ် ၁

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ခဲ့သော စည်ပင်သာယာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ၂၃ ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်က စည်ပင်သာယာလမ်း ကတ္တရာလမ်းသစ်နှင့် ပတ်သက်သောအချက်အလက်များ ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် စည်ပင်သာယာလမ်း ကတ္တရာလမ်းသစ်အား စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

အဆိုပါ စည်ပင်သာယာလမ်း ကတ္တရာလမ်းသစ်သည် အရှည်ပေ ၁၆၄၀၊ အကျယ် ၂၄ ပေရှိပြီး နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် ၈၄၉၀၀၀၀ ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း လုပ်ငန်းညှိနှိုင်းဆွေးနွေး၊ ကျန်းမာရေးဆိုင်ရာ သိကောင်းစရာ စာအုပ်များလှူဒါန်း

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂၈

မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၂၃ ရက် နံနက် ၁၀ နာရီက ကျိုက်ပိကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်က အမှာစကားပြောကြားပြီး ကျိုက်ပိကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးကံမြင့်က ကျေးရွာမှပါဝင် ဆောင်ရွက်မှု လုပ်ငန်းများကို လည်းကောင်း၊ ကျိုက်ပိ တိုက်နယ်ဆေးရုံ ဆရာဝန် ဒေါက်တာ ဦးအောင်သူဇင်ကကျန်းမာရေးဆိုင်ရာသိကောင်းစရာများကို လည်းကောင်း ရှင်းလင်းဟောပြောကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်က ကျိုက်ပိကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ကျန်းမာရေးဆိုင်ရာ သိကောင်းစရာ စာအုပ်များကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(အောက်ပုံ)**

(ဝ၉၇)

မွေးနေ့ဆုတောင်း

ဘိုးဘိုး-ဘွားဘွား၊ ဖေဖေ-မေမေတို့၏ ရှုမဝသည့် ချစ်မြေးကြီး သားကြီး **မောင်သုတမြင့်စိုး**၏ ရက်(၃၀)မြောက် မင်္ဂလာမွေးနေ့မှသည် နောင်နှစ်ပေါင်း ၁၂၀တိုင် ပျော်ရွှင်ချမ်းမြေ့ခြင်း များစွာနှင့်အတူ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း၊ ပညာ၊ စီးပွားပြည့်စုံစွာဖြင့် ဘိုးဘိုး-ဘွားဘွား၊ ဖေဖေ-မေမေတို့နှင့်အတူ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်ဘိုးဘိုး – Cpt: ဦးမြင့်စိုး(M.F.S.L)
ချစ်ဘွားဘွား – ဒေါ်ချိုချိုလွင်
ချစ်ဖေဖေ – ဒါရိုက်တာ ဦးအောင်သူမြင့်စိုး
ချစ်မေမေ – ဒေါ်လပြည့်ဝန်း
(မိုးမခ ဗီဒီယိုထုတ်လုပ်ရေး)။

ရောင်းမည်

ပျော်ဘွယ်မြို့၊ မြို့မရပ်
မြေနှင့်တိုက် ညှိနှိုင်းဈေးဖြင့် ရောင်းမည်
ဆက်သွယ်ရန် – ၁။ ပျော်ဘွယ်မြို့၊ နေပြည်တော်ပွဲရုံ၊
၂။ ရန်ကုန် ဖုန်း–၀၁–၆၉၉၀၆၇။

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

၁။ ရွှေပြည်သာစက်ရုံ+မြေ နှစ်ဧက
၂။ မန္တလေး ကန်တော်ကြီး မြေ လေးကွက်တွဲ
၃။ မီးစက် ၄၅ KVA Denyo (အသုံးပြုဆဲ)
ဆက်သွယ်ရန် – ဖုန်း–၀၉–၅၀–၁၈၈၅၃၊ ၅၇၀၅၅၆၊ ၅၆၂၁၃၂။

ရွှေရည်ဦး ရွှေပန်းထိမ်

★ နောက်ဆုံးပေါ် [illegible] နှင့် ထိပ်တန်းဝါရင့် ပန်းထိမ် လက်ရာ ရွှေထည်ပစ္စည်းအမျိုးမျိုးတို့ကို ဝယ်ယူသူ စိတ်တိုင်းကျ ရောင်းချ ပေးနေပါသည်။

★ ရွှေဆိုင်များနှင့် တစ်ဆင့်ပြန်လည် ရောင်းချလိုသူများ အတွက် သတ်သာသော အလျော့တွက်ဖြင့် လက်ကား ဖြန့်ဖြူးရောင်းချပေးနေပါကြောင်း သတင်းကောင်း ပါးအပ် ပါသည်။

★ အော်ဒါပစ္စည်းများကိုလည်း ရက်ချိန်းတိကျစွာနဲ့ စိတ် ကျေနပ်မှုရှိသည်အထိ လက်ခံ ဆောင်ရွက်ပေးနေပါသည်။

အမှတ် (၁၀၅)၊ [illegible]
[illegible] ရန်ကုန်မြို့။
☎ – [illegible]

"အမြန်ရောင်းမည်"

လက်ရှိအသုံးပြုနေဆဲ
ရေခဲချောင်း၊ ရေခဲမှုန့်စက်
ရောင်းရန်ရှိသည်။
ဖုန်း–၀၉ ၅၀၀ ၈၅၂၉။

[illegible]

အများသိစေရန်

ရန်ကုန်မြို့ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သမာဓိလမ်း တိုက် ၁၁၆၇ လေးလွှာနေ မနေခြည်အောင် ၅/စကန (နိုင်) ၁၅၁၀၂၅ သည် ကျွန်တော်၏ တရားဝင် ဇနီးဖြစ်ကြောင်း အသိပေးအပ်ပါသည်။

မျိုးမင်းအေး
၁၂/မဂဒ(နိုင်)၀၉၆၄၇၈။

မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

မော်တော်ယာဉ် အမှတ်ဗ/၅၆၈၈ လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ စ၍ ရက်၃၀အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ပြည်နယ်ရုံး(မော်လမြိုင်)။

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဒေါက်တာပန်းမြတ်–ဒေါ်နွယ်နွယ်မြင့် (ခ) Sheila တို့၏သား
မောင်ခန့်ဇော် B.E (Mechanical)
Plant Manager (Myanmar Lighting Manufacturing Co.,Ltd.)
နှင့်
ရန်ကုန်မြို့နေ ဦးကျော်ထင် (Myanmar Five Star Line)–ဒေါ်မိမိ တို့၏သမီး
မမြမွန်မွန်ကျော်ထင်(ခ)မိုင်မိုင် B.E (Mechanical)

တို့၏ (၁၀–၂–၂၀၀၅) ရက်၌ ထိမ်းမြားမင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်တရားသူကြီး ဒေါက်တာဦးတင်အောင်အေးအားလည်းကောင်း၊ ၂၇–၂–၂၀၀၅ရက် (တနင်္ဂနွေနေ့) Sedona Hotel တွင် ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲ၌ မင်္ဂလာအောင် စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော Pinya Manufacturing Co., Ltd. မှ Managing Director ဦးကြည်လွင်နှင့်ဇနီး ဒေါ်ဖြူဖြူဝင်းတို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ် လက်စွပ်ဆင်မြန်းပေးသော Myanmar Lighting Manufacturing Co., Ltd. မှ Chairman and C.E.O ဦးစိန်ဝမ်းနှင့်ဇနီး ဒေါ်မဠူထွန်းအား လည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မမေမျိုးသွင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးသော မပွင့်ရည်ကျော်၊ မင်္ဂလာလက်ထပ် လက်စွပ်ကိုင်ဆောင်ပေးသော မချမ်းမြေ့မင်းအေး၊ သတို့သားအရန် မောင်ရန်သိမ်းအောင်နှင့် မောင်ကောင်ကျော်စံ၊ သတို့သမီးအရန် မခိုင်စုဝင်းလွင်နှင့် မကေခိုင်ဇော်၊ လက်ဝတ်ရတနာဆင်မြန်းပေးသော Pwint Phyu Pearl & Jewellery မှ ဒေါက်တာယုနွယ်ဝင်း၊မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊မင်္ဂလာအခါတော်ပေးသီဆိုပေးသော မဟေမာနေဝင်း၊ တေးဂီတ Melody အဖွဲ့သားများ၊ ဓာတ်ပုံဦးဌေးဝင်း(ဘဏ်)၊ ဗီဒီယိုမှတ်တမ်းတင် ကျော့မောင်မောင်ညွန့်နှင့်အဖွဲ့၊ မိတ်ကပ်နှင့် မင်္ဂလာဝတ်စုံ ခင်စန်းဝင်းနှင့်အဖွဲ့၊ ပန်းအလှပြင် မနီလာ(Eternal)တို့အား လည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသူများအား လည်းကောင်း၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအား လည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ခန့်ဇော်–မမြမွန်မွန်ကျော်ထင်(ခ)မိုင်မိုင်။

MCC ၏ လက်တွေ့အကျိုးရှိ ထိထိမိမိ သင်တန်းများ

◆ **Desktop Publishing Course** ၁၃ပတ် - (၁၈၀၀၀ိ/-)
[illegible]

◆ **Business English Course** ၀၃ပတ် - (၀၀၀၀၀ိ/-)
[illegible]

[illegible]

ဗန်ကောက် နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် မြန်မာနိုင်ငံမှ ချစ်ခြင်းငယ်ပြိုင်ဇာတ်ကား ဝင်ရောက်ယှဉ်ပြိုင်ခဲ့

ရန်ကုန် မတ် ၆

၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁၃ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့သော ဗန်ကောက်မြို့ နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် မြန်မာနိုင်ငံမှ ချစ်ခြင်းငယ်ပြိုင် ရုပ်ရှင်ဇာတ်ကား ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

မောင်ဆွေထွန်း

ချစ်ခြင်းငယ်ပြိုင်

နိုင်ငံတကာမှ ရုပ်ရှင်ဇာတ်ကားပေါင်း၂၀၀ကျော် ပြသခဲ့သော ဗန်ကောက် ရုပ်ရှင်ပွဲတော် ASEAN competition တွင် **ချစ်ခြင်းငယ်ပြိုင်** မြန်မာရုပ်ရှင် ဇာတ်ကားကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး ထိုပွဲတော်၏ ဂုဏ်ထူးဆောင် ဧည့်သည်အဖြစ် ဒါရိုက်တာကြည်စိုးထွန်းအား ဖိတ်ကြားခဲ့သည်။

ချစ်ခြင်းငယ်ပြိုင်ဇာတ်ကား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ရုပ်ရှင်ရုံများ၌ ပြသခဲ့ရာ ပရိသတ်အားပေးမှုရရှိခဲ့သောကြောင့် မြို့လယ်ရှိ Siam Square ရုပ်ရှင်ရုံတွင် ဇန်နဝါရီ ၂၄ ရက်ညက တိုး၍ ပြသခဲ့ကြောင်း သိရသည်။

မြသရဖူရုပ်ရှင်မှရိုက်ကူးသော **ချစ်ခြင်းငယ်ပြိုင်** ဇာတ်ကားမှာ ဒေါက်တာမြမြဝင်း၏ ဝတ္ထုကို ကိုကိုလေး ဇာတ်ညွှန်းရေးသား၍ ဒါရိုက်တာကြည်စိုးထွန်းရိုက်ကူးခဲ့ခြင်းဖြစ်သည်။ သရုပ်ဆောင်များအဖြစ် ရန်အောင်၊ ကျော်သူ၊ မေသန်းနု၊ စိုးမြတ်နန္ဒာနှင့် သရုပ်ဆောင်သစ် ရွှေသွေးတို့ ပါဝင်သရုပ်ဆောင်ထားကြသည်။

ထိုဇာတ်ကားတွင် ဂျပန်၊ အင်္ဂလိပ်နှင့်မြန်မာစာတန်းထိုးထားသည်ဟု ဆိုသည်။ ရန်ကုန်ရုံကြီးများ၌ မကြာမီရုံတင်ပြသမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

မကြာမီရုံတင်ပြသမည့် 'ချစ်ချင်းငယ်ပြိုင်' ဇာတ်ကားမှ ရန်အောင်နှင့် မေသန်းနုတို့ သရုပ်ဆောင်ဟန်။

'ဆင္ဒြဂံ'ဇာတ်ကားတွင် လွင်မိုး၊ ထွန်းအိန္ဒြာဗိုနှင့် ကလေးသရုပ်ဆောင်များ၏ အမူအရာ။

ဆင္ဒြဂံဇာတ်ကားလက်စသတ်ရိုက်ကူး

ရန်ကုန် မတ် ၆

စိမ်းဝါနီရုပ်ရှင်မှ မစန္ဒာ၏ ဝတ္ထုကို ဒါရိုက်တာ ကြည်စိုးထွန်းရိုက်ကူးသော **'ဆင္ဒြဂံ'**ဇာတ်ကားမှာ လက်စသတ်ရိုက်ကူးလျက်ရှိရာ ထိုဇာတ်ကားတွင် လွင်မိုး၊ ဝေဠုကျော်၊ သျှားညို၊ သုမောင်၊ ထွန်းအိန္ဒြာဗို၊ စိုးမြတ်နန္ဒာ၊ မျိုးသန္တာထွန်း၊ ခင်ဇာခြည်ကျော်၊ ဝါဝါမေမောင်၊ ဆုရွှန်းလဲ့၊ မြင့်မြင့်ခိုင်၊ လျှမ်းထက်၊ ချမ်းသာကြည်စိုး၊ ရွှေသွေး၊ ဇင်မျိုး၊ ဖိုးချို၊ စိုးမိုးကြည်၊ စမ်းစမ်းအေးနှင့် ကလေးသရုပ်ဆောင်များစွာတို့ ပါဝင်သရုပ်ဆောင်ထားကြသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အခြေခံပညာအထက်တန်းကျောင်းအမှတ်(၃)ကျောင်းခန်းမတွင် ၂၀၀၄–၂၀၀၅ခု မြို့နယ်ဘက်စုံထူးချွန်ဆုပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၇ရက်က ကျင်းပရာ မြို့နယ်ပညာရေးမှူးဒေါ်တင်တင်မြက မြို့နယ်အဆင့် ဘက်စုံထူးချွန်ဆုရ ပဥ္စမတန်း(ခ)မှ မောင်ထက်ဝေယံအား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။ (က–ပ)

ဥပဒေပြုခွင့်အပ်နှင်းထားသောကိစ္စများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြဋ္ဌာန်းပေးရန်လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်က လိုအပ်သောဥပဒေကိုပြဋ္ဌာန်းပေးရမည်

လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးသောင်းညွန့်၏တင်ပြချက်

ရန်ကုန် မတ် ၆

၂၀၀၅ ခုနှစ် မတ် ၃ ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမဒ္ဒကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ၊ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့် စပ်လျဉ်း၍ "ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုခွင့်အာဏာ"၊ "လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့်ဥပဒေများ၏ အကျိုးသက်ရောက်မှု"၊ "ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်း"တို့ကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးသောင်းညွန့်၏ ဖတ်ကြားတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ *

"ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုခွင့် အာဏာ"၊ "လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှု"၊ "ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ အကြား အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်း"တို့နှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များကကောက်ခံခွင့်ရှိသောအခွန်အခများမှအပ အခြားအခွန်အခများကို ဥပဒေနှင့်အညီကောက်ခံ၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ပေးသွင်းရမည်

လုပ်ငန်းကော်မတီအဖွဲ့ဝင် တရားရုံးချုပ်တရားသူကြီး ဦးတင်အေး၏ တင်ပြချက်

ရန်ကုန် မတ် ၆

၂၀၀၅ခုနှစ် မတ် ၃ ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမဒ္ဒကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့် မူများချမှတ်ရေးနှင့် စပ်လျဉ်း၍ **"ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်း"ကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီအဖွဲ့ဝင် တရားရုံးချုပ်တရားသူကြီး ဦးတင်အေး၏ ဖတ်ကြားတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။**

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့အလိုက် သီးခြားအကြံပြုချက်များကိုလည်း ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း။

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် နိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက—

"ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်းအပါအဝင် ဘဏ္ဍာရေးဆိုင်ရာ အသေးစိတ်အခြေခံရမည့်မူများ (က)မှ (ဒ)အထိ ဖော်ပြထားသည်ကိုတွေ့ရှိရပါကြောင်း၊ အပိုဒ်(ဇ) အပိုဒ်ခွဲ(၁)(၂)(၃)နှင့်(၄)တို့တွင် ဖော်ပြထားသည့် အသုံးစရိတ်များနှင့် အခြားကုန်ကျစရိတ်များနှင့်စပ်လျဉ်း၍ **စာမျက်နှာ ၁၀ ကော်လံ ၁** ●

"ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်း" တို့နှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီ အဖွဲ့ဝင် တရားရုံးချုပ် တရားသူကြီး ဦးတင်အေး ဖတ်ကြား တင်ပြစဉ်။ (သတင်းစဉ်)

ဆုရဓာတ်ပုံ

(၅၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ၌ တတိယဆုရ ညောင်ဦးဖိုးချို၏ ကျိုင်းတောင်းရေတံခွန်ပုံကို တွေ့ရစဉ်။ **(သတင်း-၄)** **(မြန်/ဆက်)**

မြန်မာ့အလင်း

ခေါင်းကြီး၊ သတင်းအညွှန်း

- နိုင်ငံတော်က မှန်ကန်သည့် မူဝါဒများ ချမှတ်၍ ခေတ်မီ ဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးကို အင်တိုက်အားတိုက် တည်ဆောက်လျက်ရှိရာ သွက်လက်ထက်မြက်သော အုပ်ချုပ်ရေးယန္တရား အဆင့်ဆင့်သည် နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်ချက်ပင်ဖြစ်။

ခေါင်းကြီး (စာ-၂)

- အာဆီယံ ပင်လယ်ပြင်လုံခြုံရေးဖိုရမ် စင်ကာပူနိုင်ငံတွင် ဖွင့်လှစ်။

နိုင်ငံတကာသတင်း (စာ-၂)